မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၀၄)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ဆပ်သွားဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်စဉ်။ (အပေါ်ပုံနှင့်အောက်ပုံ)

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် စိန်ဖူးတော်၊ ဌာပနာတော်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ် နားတော်နှင့်ဆပ်သွားဖူးတော်များ စေတီအထွတ်သို့တင်လှူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ် ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ရပ်ကွက်၌ တည်ထားကိုးကွယ်သော လေးကျွန်းစကြာရှင်မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်ကြည်ညို၍ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဆပ်သွားဖူးတော်တို့ကို လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်သည့်လုပ်ရပ်များ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တားဆီးတိုက်ဖျက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားလူမျိုးတစ်ရာကျော် စုပေါင်းနေထိုင်လာသည့် နိုင်ငံဖြစ်သည်။ တိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံအနှံ့တွင်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း အသီးသီးတွင်လည်းကောင်း အတူတကွပေါင်းစည်းကာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်။

ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတွင် တစ်ဗိုလ်တစ်မင်း၊ တစ်တောတစ်ဖဆိုသည့် ဝါဒကို ရှောင်ရှားပြီး ဥမကွဲသိုက်မပျက် ချစ်ခင်စည်းလုံးစွာဖြင့် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ချစ်ခင်တန်ဖိုးထားလျက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုစည်းနေထိုင်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို လုံးဝအထိပါးမခံဘဲ အမိနိုင်ငံတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့်နယ်မြေအစိတ်အပိုင်းကိုမျှ ပြိုကွဲ ဖဲ့ထွက်ခြင်း မပြုနိုင်အောင် ကာကွယ်စောင့်ရှောက်လျက် ရှိသည်။

မြန်မာနိုင်ငံ၏ သမိုင်းကိုပြန်ကြည့်လျှင် လူမျိုးရေးစိတ်ဓာတ်ကို အခြေခံသောအမှားကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ ပြည်သူများအတိဒုက္ခရောက်ခဲ့ကြရသည့် သမိုင်းသင်ခန်းစာများကို ကြုံတွေ့ခဲ့ကြရပြီ ဖြစ်သည်။ ယခုတစ်ဖန် ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသည့်အဖွဲ့သည် ဧပြီလ၁၇ရက်နေ့တွင် ပြည်ပတစ်နေရာမှနေ၍ ရှမ်းပြည်ယာယီအစိုးရကို ဖွဲ့စည်းကြောင်း သတင်းထုတ်လွှင့်ကာ ယခင်အမှားမျိုးကို ဖက်တွယ်ပြီး တစ်ကျော့ပြန် ထပ်မံ လုပ်ဆောင်လာခဲ့ပြန်သည်။ ယင်းကဲ့သို့လုပ်ဆောင်သည့် အကြောင်းရင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅)တွင် ရှင်းလင်း ပြောကြားသွားခဲ့သည်။

အဆိုပါ ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ဆောင်ရွက်ချက်သည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူမှုဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အလွန်အန္တရာယ်ကြီးမားသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားရေး၊ ပြည်ထောင်စု ပြိုကွဲရေးတို့ကို ဦးတည်သည့်လုပ်ရပ်များသာ ဖြစ်ပေသည်။

၁၉၆၀ပြည့်နှစ် တစ်ဝိုက်က ရှမ်းစော်ဘွားအချို့သည် ရှမ်းပြည်နယ်ခွဲထွက်ရေး ဖက်ဒရယ်မူ ရရှိအောင်ကြိုးပမ်းခဲ့ဖူးသည်။ ထိုစဉ်က ရှိခဲ့သည့် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက လက်မခံဘဲ ဆန့်ကျင် ကန့်ကွက်ခဲ့ကြသကဲ့သို့ ယခုလှုပ်ရှားဖော်ဆောင်လာသည့် ပြည်ပြေးစော်ဘွားအနွယ် စဝ်ခမ်ဖနှင့်အဖွဲ့၏ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာခြင်း၊ ရှမ်းပြည်ယာယီအစိုးရ ဖွဲ့စည်းခြင်းနှင့် ရှမ်းပြည်နယ်ကိုစစ်မက်ဇုန်ပမာ ဖန်တီးနေခြင်းတို့ကိုလည်း ယနေ့ တိုင်းရင်းသားပြည်သူများ၊ အစိုးရမဟုတ်သော (NGO) အဖွဲ့အစည်းများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ အပါအဝင် တစ်နိုင်ငံလုံးက တညီတညွတ်တည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ဤသည်တို့မှာ ပြည်ထောင်စုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်များကသာ မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို အနှောင့်အယှက်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏လုပ်ရပ်များကို တိုင်းရင်းသား ပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်နှင့်လက်တွဲကာ တားဆီးတိုက်ဖျက် သွားကြမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၅-၄-၂၀၀၅
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Limited Company General Background (ဒုတိယနှစ် စီးပွားစီမံ)
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၀)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မေးမြန်းစူးစမ်း
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြိုင်ဟေဝန်ကသိုင်းလုလင်** (အပိုင်း-၁၅)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလယ်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူ ပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်၇နာရီက စေတီတော် ရင်ပြင်တော်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် ကြည်ညိုပူဇော်ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ ဆက်ကပ်တင်လှူပူဇော်သည်။

ရှေးဦးစွာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်များ ဆက်ကပ်ခြင်း အခမ်းအနားကို စေတီတော်ရင်ပြင်တော်ရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ကျောက်တန်းမြို့နယ် မင်းကျောင်းပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စေတီတော်အထွတ်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ကျောက်တန်းမြို့နယ် မင်းကျောင်းပရိယတ္တိ စာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဇာဂရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများသည် ဒေဝါဝင်းခြံရံကာ စေတီတော်အထွတ်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို ပင့်ဆောင်လျက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်အပူဇော်ခံသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့သည် ရွှေထီးတော် ပထမ ဘုံဆင့်မှစ၍ ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် ဧပြီ ၂၄

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဧပြီ ၁၈ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ သဇင်မြိုင်ကျေးရွာ၌ ကျင်းပရာ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့က အမျိုးသမီးများ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်ဝန်ဆောင် မိခင်များအတွက် အာဟာရပညာနှင့် ရှောင်ရန်၊ ဆောင်ရန်များကိုလည်းကောင်း အသီးသီး ပညာပေးဟောပြောကြသည်။

ယင်းနောက် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့က သဇင်မြိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆရာ၊ ဆရာမငါးဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌထားဝယ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိုင်းနှင့်မြို့နယ်သံဃနာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ

ကာကွယ်ရေးဦးစီးချုပ် (ရေ)၏ဇနီး၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ပက်ဖျန်းချည်နှောင်

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကိုယူဆောင်၍ စေတီတော်မြတ်ကြီး ပရဝဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က စေတီတော်မြတ်ကြီးအား ရည်မှန်း၍ စိန်ဖူးတော်၊ ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက စေတီတော်မြတ်ကြီးအား ရည်မှန်း၍ ငှက်မြတ်နားတော်၊ ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆပ်သွားဖူးတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့်လှူဖွယ်ပစ္စည်းများကိုဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော်မြတ်ကြီး တည်ဆောက်ခဲ့ကြသော ဗိသုကာ



ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ရပ်ကွက်၌ တည်ထားကိုးကွယ်သော လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

အင်ဂျင်နီယာများက စေတီတော်မြတ်ကြီးအား ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြား လျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ အမှားအယွင်းနှင့် မပြည့်စုံမှုများရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း ပြဟ္မာသိကြားနှင့် သာသနာစောင့်နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့အား တောင်းပန်လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ငှက်မြတ်နားတော်၊ ဌာပနာတော်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၏ဇနီးများ၊

မောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထိုအချိန်တွင် မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်းများ သုံးကြိမ်တီးမှုတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ရွှေထီးတော်ဘုံဆင့်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဆပ်သွားဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ ရွှေထီးတော်ဘုံဆင့်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆင်းရဲသောနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုအကူအညီပေးရန် တိုက်တွန်း

ကုလသမဂ္ဂ ဧပြီ ၂၂

ရေသန့်၊ အခြေခံ ရေဆိုးနုတ်စနစ်နှင့် သင့်တင့်လျောက်ပတ်သော အိမ်ရာအတွက် နိုင်ငံတကာက သဘောတူထားသော လျာထားသတ်မှတ်ချက်ကို ဆင်းရဲသောနိုင်ငံများက ဖြည့်ဆည်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ဆင်းရဲသောနိုင်ငံများအား ပိုမိုအကူအညီပေးကြရန် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် လူဆီဖရက်ချက်က ဗုဒ္ဓဟူးနေ့၌ တိုက်တွန်းလိုက်သည်။

ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန် လုံခြုံစိတ်ချသော၊ ကျန်းမာသော၊ ဖြစ်ထွန်းစည်ပင်သော အသိုင်းအဝိုင်းများ တည်ဆောက်ရန် အစိုးရအဖွဲ့အစည်းများ၏ ကြိုးပမ်းမှုများကို အထောက်အကူပြုရန် နိုင်ငံတကာအသိုင်းအဝိုင်းက လုပ်ဆောင်နိုင်သမျှ လုပ်ပေးရမည်ဖြစ်ကြောင်း ရဲရင့်ပြီး ဆန်းသစ်တီထွင်မှု ရှိရမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

ပြောကြား

ထိန်းထားနိုင်သော ဖွံ့ဖြိုးမှုဆိုင်ရာ (၁၃)ကြိမ်မြောက် ကုလသမဂ္ဂကော်မရှင်၏ ဝန်ကြီးအဆင့်အပိုင်းကဏ္ဍ၌ မိန့်ခွန်းပြောကြားရာတွင် သူမက ထိုသို့ပြောကြားခြင်းဖြစ်သည်။

စီးပွားရေးတိုးတက်မှု၊ လူမှုရေးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ကာကွယ်ရေးဆိုသော ထိန်းထားနိုင်သည့် ဖွံ့ဖြိုးမှု၏ အတိုင်းအတာသုံးခုကို ပေါင်းစည်းရန် နည်းလမ်းများကို စဉ်းစားကြမည့်နိုင်ငံများအား စုစည်းရာတွင် ကော်မရှင်သည် အဓိကကျသော ကုလသမဂ္ဂဖိုရမ်ဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်တွင် အဖွဲ့ဝင် ၅၃နိုင်ငံပါဝင်သော အဆိုပါကော်မရှင်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ကို အတည်ပြုပေးခဲ့သည်။ အဆိုပါ ဆောင်ရွက်မှုမူဝါဒ အစည်းအဝေးက ရေ၊ ရေဆိုး၊ ရေနုတ်စနစ်နှင့် လူသားအခြေချနေထိုင်မှု ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

နည်းပညာထုတ်ကုန်ပစ္စည်း

စင်ကာပူမြို့ပေါ်ရှိ နည်းပညာထုတ်ကုန်ပစ္စည်းများ ရောင်းချသောဆိုင်တစ်ဆိုင်ကို ဧပြီ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ်လအတွင်း အင်ဒိုနီးရှားတွင် ကားအရောင်းမြင့်တက်ခဲ့

ဂျကာတာ ဧပြီ ၂၂

အင်ဒိုနီးရှားနိုင်ငံတွင် ကားရောင်းချရမှုသည် မတ်လအတွင်း ၃၄ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း လွန်ခဲ့သည့်တစ်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျက် အင်ဒိုနီးရှားနိုင်ငံ၏ ကားဖြန့်ဖြူးရောင်းချရေး ကုမ္ပဏီဖြစ်သော ပီတီအယ်စ်ထရာ အင်တာနေရှင်နယ်တီဘီကေက ကြာသပတေးနေ့၌ ပြောကြားသည်။

မတ်လအတွင်း ဖြန့်ဖြူးရောင်းချခဲ့ သော ကားစီးရေသည် ၅၂၇၈၈စီးဖြစ်ခဲ့ရာ ၂၀၀၅ခုနှစ်၏ ပထမသုံးလအတွက် စုစုပေါင်းရောင်းချရမှုသည် စီးရေ၁၄၃၉၈၆စီးထိ ရှိခဲ့သည်ဟု ဆိုသည်။

ရောင်းချ

စင်ကာပူနိုင်ငံ၏ ဂျာဒင်းဆိုက်ကယ်နှင့် ကားကုမ္ပဏီက ၄၇ရာခိုင်နှုန်း ပိုင်ဆိုင်သော အဆိုပါကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်၌ အင်ဒိုနီးရှားနိုင်ငံတွင် ရောင်းချခဲ့ရသော စုစုပေါင်းကားစီးရေ၏ ၄၅ရာခိုင်နှုန်းကို ရောင်းချခဲ့ရသည်ဟု သိရသည်။

အမျိုးအစား

ယင်းကုမ္ပဏီက ဖြန့်ဖြူးရောင်းချပေးသော ကားအမျိုးအစားများမှာ တိုယိုတာ၊ ဒိုင်ဟတ်ဆု၊ ပီးကက်၊ ဘီအမ်ဒဗလျူ၊ အီဆူဇူးနှင့် ဟွန်ဒါမော်တော်ဆိုင်ကယ်တို့ဖြစ်ကြသည်။

(အင်တာနက်)

ကုန်တင်ရဟတ်ယာဉ်တစ်စင်း အီရတ်၌ ပစ်ချခံရ

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ်နိုင်ငံတွင် ကုန်တင်ရဟတ်ယာဉ်တစ်စင်း ကြာသပတေးနေ့က ပစ်ချခံရသဖြင့် ရဟတ်ယာဉ်ပေါ်ပါရှိသူ ကိုးဦးစလုံးသေဆုံးသည်ဟုယုံကြည်ယူဆရကြောင်း အမေရိကန်စစ်ဘက်သတင်းရပ်ကွက်များက ပြောကြားသည်။

ရုရှားလုပ် အဆိုပါရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြောက်ဘက်၌ ပျံသန်းနေစဉ် ဒုံးပစ်လောင်ချာ ထိမှန်ခံရခြင်းဖြစ်နိုင်ကြောင်း သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ရဟတ်ယာဉ်ပေါ်၌ ရဟတ်ယာဉ်အမှုထမ်းသုံးဦးနှင့် ခရီးသည်ခြောက်ဦး ပါရှိပြီး အားလုံးအရပ်သားများဖြစ်ကြသည်။ ရဟတ်ယာဉ် အမှုထမ်းများမှာ ဘူဂေးရီးယားလူမျိုးများ ဖြစ်ကြသည်ဟု ယုံကြည်ရသော်လည်း ၎င်းတို့၏ နိုင်ငံသားဖြစ်မှုကို မသိရဟု ဆိုသည်။

(အင်တာနက်)

နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး စင်ကာပူဝန်ကြီးချုပ်နှင့် တောင်အာဖရိကသမ္မတ ဆွေးနွေး

စက်ာပူ ဧပြီ ၂၂

စင်ကာပူနှင့် တောင်အာဖရိက နှစ်နိုင်ငံတို့အနေဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတို့အပါအဝင် ရာဇဝတ်မှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် နှစ်နိုင်ငံခေါင်းဆောင်များက ပြီးခဲ့သည့်ကြာသပတေးနေ့တွင် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

စင်ကာပူနှင့် တောင်အာဖရိကနိုင်ငံတို့သည် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း ပိုမိုတိုးချဲ့ဆောင်ရွက်ရေး ဈေးစပ်ဆွေးနွေးကြမည်ဖြစ်ပြီး နောက်ဆုံးတွင် လွတ်လပ်စွာလေကြောင်းပျံသန်းမှု သဘောတူညီချက်တစ်ရပ်ရရှိမည်ဟု မျှော်လင့်ထားကြသည်။

ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာမူကြမ်းတစ်ရပ်ကို စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးနှင့် စင်ကာပူသို့ အလည်အပတ်ရောက်ရှိနေသော တောင်အာဖရိက သမ္မတ သာဘိုအမ်ဘီကီ မျက်မှောက်တွင် လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

သဘောတူညီ

ထို့ပြင် စင်ကာပူနှင့် တောင်အာဖရိက နှစ်နိုင်ငံတို့အနေဖြင့် ပူးတွဲကုန်သွယ်ရေးကော်မတီတစ်ရပ် ထူထောင်ရန်လည်း စင်ကာပူသမ္မတအက်စ်အာနာသန်နှင့် တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီတို့ သဘောတူညီခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အနောက်ပိုင်း၌ ဗုံးဖြင့်တိုက်ခိုက်ခံရ ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ဗုံးခွဲတိုက်ခိုက်မှုခံရသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်သည်။

ဖော်ပြ

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသည် ဘဂ္ဂဒက်၏အနောက်ဘက် ကီလိုမီတာ ၁၁၀ အကွာရှိ ရာမာဒီတွင် ပေါက်ကွဲစေသည့် လက်နက်ကိရိယာသို့မဟုတ် အိမ်လုပ်ဗုံးပေါက်ကွဲသဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

အသေးစိတ် အချက်အလက်များကိုမူ ဖော်ပြခြင်းမရှိပေ။

၂၀၀၃ ခုနှစ် မတ်လက အီရတ်သို့ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့ချိန်ကစပြီး အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၈၀ကျော် သေဆုံးခဲ့ပြီး ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တစ်နေ့လျှင် ရေနံစည် ၉ ဒသမ ၅ သန်း ဆော်ဒီအာရေဗျနိုင်ငံ ထုတ်လုပ်

ပါကစ်စ် ဧပြီ ၂၂

ကမ္ဘာ့အကြီးမားဆုံး ရေနံစိမ်းထုတ်လုပ်သည့်နိုင်ငံနှင့် ပြည်ပသို့ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံသည် ဈေးကွက်၏ လိုအပ်ချက်များကို ရင်ဆိုင်ဖြေရှင်းရန် တစ်နေ့လျှင် ရေနံစည်ပေါင်း ၉ ဒသမ ၅ သန်းကို လက်ရှိ ထုတ်လုပ်လျက်ရှိကြောင်း ဆော်ဒီအာရေဗျ ရေနံဝန်ကြီး အလီအယ်နူရီမီက ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၁သန်း ထုတ်လုပ်နိုင်စွမ်းရှိရာ ယခုလက်ရှိ ထုတ်လုပ်မှုထက် ရေနံစည် ၁ဒသမ ၅သန်း နေ့စဉ် ပိုမိုထုတ် လုပ်နိုင်သည့် အဓိပ္ပာယ်ဖြစ်ကြောင်း ခြောက်ကြိမ်မြောက် နိုင်ငံတကာ ရေနံဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ဆော်ဒီအာရေဗျနိုင်ငံ ရေနံဝန်ကြီး အလီအယ်နူရီမီက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ရေနံအပိုထုတ်လုပ်နိုင်မှုစွမ်းရည်ကို အစဉ်အလာတစ်ရပ်အဖြစ် ထိန်းသိမ်းထားနိုင်ရုံသာမကဘဲ ဈေးကွက်လိုအပ်ချက်ဖြစ်လာချိန်တွင် ထုတ်လုပ်အသုံးပြုရန်လည်း တုံ့ဆိုင်းနေမည်မဟုတ်ကြောင်း၊ သက်သေအထောက်အထားရှိကြောင်း အဆိုပါ ဆော်ဒီအာရေဗျရေနံဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့မြို့တော်ကြီးတစ်မြို့ စင်ကာပူဖြစ်လာနိုင်

စင်ကာပူ ဧပြီ ၂၂

စင်ကာပူနိုင်ငံသည် မကြာမီအနာဂတ်ကာလတွင် ကမ္ဘာ့မြို့တော်ကြီးတစ်ခု ဖြစ်လာရေး ရည်မှန်းချက်ပြည့်မီနိုင်စရာရှိကြောင်း စီးပွားရေးပညာရှင်များက ပြောဆိုကြသည်။

သို့ရာတွင် အောင်မြင်မှုသည် စင်ကာပူနိုင်ငံ၏ စီးပွားရေးမည်မျှကောင်းမွန်သည်ဆိုမှုအပေါ် များစွာအမှီသဟဲပြုမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းအပြင် ပညာရေးကဏ္ဍသည် အဓိကတိုးတက်သည့် ကဏ္ဍတစ်ခုဖြစ်မည်ဟု စီးပွားရေးပညာရှင်များက ပြောကြားသည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာ့မြို့တော်ဖြစ်ရေး ရည်မှန်းချက် ပြည့်မြောက်စေရန် ယင်းစီးပွားရေးကို ဖန်တီးမှုနှင့် အသိပညာ ဗဟုသုတအခြေခံလုပ်ငန်းများအဖြစ်သို့ ပြန်လည် ရင်းနှီးမြှုပ်နှံခြင်းဖြင့် တိုးတက်မှုဆီသို့ ရှေ့ရှုလုပ်ဆောင်လျက်ရှိသည်။

(အင်တာနက်)

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့၌ ကားဗုံးတစ်လုံး ပေါက်ကွဲသည့်နေရာအား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စစ်ဆေးနေသည်ကို ဧပြီ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စာမျက်နှာ ၃မှ

ဆက်လက်၍ ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် အစီအစဉ်များကို ကျင်းပရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်၊ ဌာပနာတော်များနှင့် ရွှေထီးတော် ဘုံဆင့်များကို မင်္ဂလာမဏ္ဍပ်အတွင်းမှ ပင့်ဆောင်ကြပြီး သာသနာ့အလံကိုင်အဖွဲ့က ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းများခင်း၍ လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် အပူဇော်ခံသည်။

ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများဖြင့် တီးမှုတ်ပူဇော်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းတို့က ဌာပနာတော်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းရောင်တော်ဖွင့်၍ မင်္ဂလာရထားပုံဖြင့် စေတီတော်မြတ်ကြီး၏ အထွတ်သို့ တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ဥပါသကာများက အလယ်ဌာပနာတိုက်နှင့် အထက်ဌာပနာတိုက်များအတွင်း ဌာပနာတော်များကို အစီအစဉ်အတိုင်း ထည့်သွင်းပူဇော်ကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက ဌာပနာသွင်းဆိုင်ရာ အောင်ဂါထာတော်များ ရွတ်ဆိုပူဇော်သည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းတို့က ရွှေထီးတော်ဘုံဆင့်များကို အမွှေးနံ့သာရည်တို့ ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ကာ မင်္ဂလာရထားပုံဖြင့် စေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များနှင့် တိုင်းမှူး ၊ တွဲဖက်စစ်ရေးချုပ်နှင့်ဥပါသကာများက ရွှေထီးတော်ဘုံဆင့်များကို ပင်မစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များတွင် တစ်ပြိုင်တည်း တပ်ဆင်ပူဇော်ကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက ဇယမင်္ဂလာအောင်ဂါထာတော်များဖြင့် ရွတ်ဆိုပူဇော်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းတို့က ပင်မစေတီတော်မြတ်ကြီး၏ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်တို့ ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ကြပြီး မင်္ဂလာရထားပုံဖြင့် စေတီတော်မြတ်ကြီး အထွတ်သို့ တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များနှင့် တိုင်းမှူး၊ တွဲဖက်စစ်ရေးချုပ်နှင့် ဥပါသကာများက ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီး၌ တပ်ဆင်ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုအချိန်တွင် မင်္ဂလာငွေခရနှင့် အောင်စည်အောင်မောင်းများ သုံးကြိမ်တီးမှုတ်ပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

အနေကဇာတင်

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် အစီအစဉ်ကို စေတီတော်မြတ်ကြီး၏ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် သံဃာတော်များက လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအားဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။ **(သတင်းစဉ်)**

လေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များက ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီး၌ တပ်ဆင်ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။
(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များ၏စစ်ဆေးမှု လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် ဧပြီ ၂၄

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ဒုတိယခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ် မသုံးစွဲရနေ့စစ်ဆေးရေး အဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

စစ်ဆေးကြပ်မတ်

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ စစ်ဆေးမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြပ်မတ်စဉ်။ (သတင်းစဉ်)

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)တို့ ပါရှိခြင်း ရှိ-မရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းရှိ-မရှိတို့ကိုစစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၀၅(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၅ ၈။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးသရုပ်ဖော်အစီအစဉ်
၁၆း၅၀ ၅။ တေးဂီတအစီအစဉ်
၁၇း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅ ၇။ အကပဒေသာ
၁၇း၃၀ ၈။ မန်းချောင်းတံတား
၁၇း၃၅ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၅ ၁၀။ မြန်မာ့ရိုးရာ တောဓလေ့ကျေးလက်တေးသံများ
၁၇း၅၅ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၅ ၁၂။ Discovery
၁၈း၁၅ ၁၃။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၈၇)
၁၈း၃၀ ၁၄။ ညနေခင်းသတင်း
၁၉း၀၀ ၁၅။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၆။ တေးဂီတအစီအစဉ်
၁၉း၂၀ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၃၀ ၁၈။ တေးဂီတအစီအစဉ်
၁၉း၄၅ ၁၉။ ကြည်နူးချမ်းမြေ့ပျော်ပျော်ရွှင်ရွှင် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) [အပိုင်း-၁]
၂၀း၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၁၁)
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

ရွှေတိဂုံဝိပဿနာပြန့်ပွားရေးအဖွဲ့ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

ရွှေတိဂုံဝိပဿနာပြန့်ပွားရေးအဖွဲ့က ကြီးမှူး၍ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အဖွဲ့နာယက ဦးစိုးသိမ်းအား ဂုဏ်ပြုပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရွှေတိဂုံရင်ပြင် အနောက်မြောက်ဘက်ရှိ ဦးချစ်တန်ဆောင်းတွင် ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဋ္ဌေးက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားပြီး ဂုဏ်ပြုလွှာကို ပေးအပ်သည်။ ထို့နောက် ဦးစိုးသိမ်းက ကျေးဇူးတင်စကားပြောကြားသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ စေတနာတွေကို သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာတဲ့အတွက် အခုလို ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင် လဲလှယ်ခဲ့တာပါ။

SSNA တပ်မဟာ(၁၁)
တပ်မဟာမှူး ဦးကန်န

လက်နက်တွေ အပြီးအပိုင်စွန့်လွှတ်တာကို ဒေသခံပြည်သူတွေ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတဲ့ မြင်ကွင်းကတော့ ကျွန်တော့် ဘဝမှာ မေ့မရအောင် ဝမ်းသာမှု၊ စိတ်ချမ်းသာမှုတို့ ကို ထူးထူးကဲကဲခံစားလိုက်ရပါတယ်။

ဦးပွမ်ဝမ်း
SSNA တပ်မဟာ(၁၁)မှ
အမှတ်(၂၇) တပ်ရင်းမှူး

✱ ကျော့ဖုံးမှ

ယင်းအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၁)မှ တပ်မဟာမှူးဦးကန်န၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ(၁၁)လက်အောက်ခံ တပ်ရင်းအမှတ်(၁၉)တပ်ရင်းမှူး ဦးစိုင်းဖုန်း၊ အမှတ်(၂၅)တပ်ရင်းမှူးဦးခမ်းမွန်း၊ အမှတ်(၂၇) တပ်ရင်းမှူး ဦးပွမ်ဝမ်း အပါအဝင် တပ်ဖွဲ့ဝင် စုစုပေါင်း ၁၇၆ဦးတို့လည်း တက်ရောက်ခဲ့ကြသည်။

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)ကိုးကန့်အဖွဲ့မှ ဦးကျန်တဲဝမ်နှင့်အဖွဲ့၊အထူးဒေသ(၃) အက်စ်အက်စ်အေအဖွဲ့မှ ဦးလွယ်မောင်းနှင့်အဖွဲ့၊ အထူးဒေသ(၅)ကေဒီအေအဖွဲ့မှ ဦးဇော်ယော်နှင့်အဖွဲ့၊ အထူးဒေသ(၇)ပီအက်စ်အယ်အေအဖွဲ့မှ ဦးအိုက်မုန်းနှင့်အဖွဲ့၊ ကချင်အထူးဒေသ(၂)ကေအိုင်အေအဖွဲ့မှ ဦးဇော်ဂွန်းနှင့်အဖွဲ့တို့လည်း တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားပြီးနောက် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်န၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်ရင်းမှူး ဦးပွမ်ဝမ်း၊ တပ်ရင်းမှူး ဦးခမ်းမွန်း၊ တပ်ရင်းမှူး ဦးစိုင်းဖုန်းတို့က ၎င်းတို့ကိုင်ဆောင်ခဲ့သောလက်နက်များကို ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ အသီးသီးအပ်နှံကြသည်။

SSNA တပ်မဟာ(၁၁)နှင့် လက်အောက်ခံတပ်ရင်းများက အပ်နှံသောလက်နက်များမှာ ၆၀မမ စိန်ပြောင်းလေးလက်၊ စက်လတ်မျိုးစုံကိုးလက်၊ ဒုံးပစ်လောင်ချာမျိုးစုံ ငါးလက်နှင့် ကျန်လက်နက်ငယ်မျိုးစုံ ၁၁၆ လက်၊ လက်နက်ငယ်ကျည်မျိုးစုံ ၉၃၃၂တောင့်၊ ဗုံးသီးမျိုးစုံ ၁၅၈ လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၂၈လုံး၊ မိုင်းမျိုးစုံ ၆၄ လုံး၊ TNT ယမ်းတောင့် ၁၄၁ တောင့်၊ ကျည်ကတ်မျိုးစုံ ၁၉၄ ခု၊ စက်လတ်ကျည်ခါးပတ်တွဲ ၂၂ ခုနှင့် အိုင်ကွန်စကားပြောစက် ၁၈ လုံးတို့ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ပွဲအပြီးတွင် သိန်းနီမြို့နယ်ကွန်ကောက်ကျေးရွာတွင်နေထိုင်လျက်ရှိသော ဦးကန်နကို နေအိမ်တွင် သွားရောက် တွေ့ဆုံမေးမြန်းခဲ့ရာ–

မေး။ ။ငြိမ်းချမ်းရေးနဲ့လက်နက်အပြီးအပိုင်လဲလှယ်ဖို့ကို ဘယ်သူတွေက တိုက်တွန်းခဲ့တာလဲဆိုတာ သိပါရစေခင်ဗျာ။

ဦးကန်န။ ။ဘယ်သူမှ တိုက်တွန်းလို့မဟုတ်ပါဘူး၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပါ။ စဉ်းစားခဲ့တာလဲကြာပါပြီ။ ရှင်းရှင်းပြောရရင် နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေမရှိတော့ဘူး။ အရင်ကတော့ သံသယစိတ်တွေ ရှိခဲ့တယ်ပေါ့ဗျာ။ ကျွန်တော်တို့က ဘယ်လိုပဲ သံသယစိတ်တွေရှိရှိ၊ နိုင်ငံတော်အစိုးရက တိုင်းရင်းသားညီအစ်ကိုတွေအပေါ် ကျောသားရင်သား မခွဲခြားဘူးဗျ။ တောင်ပေါ်မြေပြန့် တစ်သွေးတစ်သားတည်းသတ်မှတ်ပြီး မျှမျှတတ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ပေးနေတာ နေ့စဉ်နဲ့အမျှ မြင်တွေ့လာခဲ့ရတယ်။ အဲဒီမှာ သံသယတွေ ကင်းစင်ပပျောက်လာခဲ့ရတယ်။

ကျွန်တော်တို့ရှမ်းပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်အောင် နေ့ချင်း၊ ညချင်း အရှိန်အဟုန်နဲ့လုပ်ဆောင်ပေးနေတာ မျက်မြင်ကိုယ်တွေ့ပဲ။ ကျွန်တော်တို့ လက်နက်ကိုင်လမ်းစဉ်ကိုကျင့်သုံးပြီး အစိုးရကိုဆန့်ကျင်ခဲ့တာ ၂၉နှစ်လောက်ရှိပြီ။ ပြည်သူလူထုတွေအတွက် ဘာမှလုပ်မပေးနိုင်ခဲ့ဘူး၊ လက်နက်ကိုင်ပြီး ဆန့်ကျင်နေလို့ မဖြစ်တော့ဘူးဆိုတာ နားလည်လာတယ်။ ကျွန်တော်တို့ လက်နက်ကိုင်ပြီး ဆန့်ကျင်ခဲ့တာ ကြာလာတာနဲ့အမျှ ပြည်သူတွေကို နှိပ်စက်ရာရောက်နေတယ်၊ ဒေသဖွံ့ဖြိုးဖို့အတွက်လဲ နှောင့်နှေးစေခဲ့တယ်။ ဒေသခံပြည်သူတွေကလဲ ကျွန်တော်တို့လက်နက်ကိုင်နေတာကို မကြိုက်ကြဘူး၊ သူတို့အတွက်လဲ ဘာမှ မယ်မယ်ရရ လုပ်မပေးနိုင်ခဲ့ဘူး။ ပြည်သူလူထုတွေဆီက အခွန်အခတွေ၊ ဆက်ကြေးတွေ တောင်းပြီး ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေရဲ့ဘဝကို ရပ်တည်ခဲ့ရတယ်။ ဒါ့ကြောင့် မှားယွင်းတဲ့လုပ်ရပ်တွေပဲလို့ သိမြင်လာလို့ နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်တွေ၊ စေတနာတွေကို သံသယမရှိ အကြွင်းမဲ့ ယုံကြည်လာတဲ့အတွက် အခုလို ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့တာပါ။

ကျွန်တော်တို့ မျှော်မှန်းခဲ့တဲ့ ငြိမ်းချမ်းရေးရဲ့ အရသာကို ပြည့်ပြည့်ဝဝ ခံစားရတော့မှာပါ။

ဦးစိုင်းခမ်းတီ
(ဒေသခံလယ်သမား၊
စယ်အူကျေးရွာ)

ကျွန်တော်တို့ လယ်သမားတွေ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ရှာဖွေရရှိတဲ့ ငွေကြေးကို ပြည့်ပြည့်ဝဝ သုံးနိုင်တော့မှာဖြစ်လို့ ချောင်လည်ကြတော့မှာပါ။

ဦးစိုင်းခိုင်ဝင်း
(ဒေသခံလယ်သမား၊
မန်နားကျေးရွာ)

မေး။ ။ဒီကနေ့ ကျင်းပနေတဲ့ အမျိုးသားညီလာခံကို ဘယ်လို မြင်ပါသလဲ။

ဦးကန်န။ ။ဒီကနေ့ နိုင်ငံတော်ကကျင်းပနေတဲ့အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ အခြေခံမူတွေက "တစ်ချိန်က ကျွန်တော်တို့ လိုလားတောင့်တခဲ့တဲ့ လူမျိုး၊ ဘာသာ မခွဲခြားဘဲ ကွာဟမှု အနည်းဆုံးအခွင့်အရေးတွေရရှိမှာဖြစ်တဲ့အတွက်" ထောက်ခံပါတယ်။

မေး။ ။ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ခဲ့တဲ့နေ့က မြင်တွေ့ရတဲ့ မြင်ကွင်းနဲ့ ဦးကန်နရဲ့ခံစားမှုကိုလဲ သိပါရစေ။

ဦးကန်န။ ။အဲဒီနေ့ကမြင်ကွင်းကတော့ အလွန်ပဲ ကြည်နူးမိတယ်၊ ပြည်သူတွေက နွေးနွေးထွေးထွေးနဲ့ ကြိုဆိုကြတယ်။ သူတို့က ကျွန်တော်တို့ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်လိုက်တာကို တော်တော်ဝမ်းသာကြတယ်။ ကျွန်တော်တို့ကြောင့် သူတို့ဝန်ထုပ် ဝန်ပိုးတွေ မဖြစ်တော့ဘူးဆိုတာ သိသွားကြပြီ။ ကျွန်တော်တို့ကို ပန်းကုံးတွေ ဘာတွေစွပ်ပြီး ကြိုဆိုခဲ့ကြတာလေ။ ဒီလိုခံစားချက်မျိုး အရင်က မခံစားခဲ့ဖူးလေတော့ တော်တော်လေးခံစားလိုက်ရတယ်။

မေး။ ။လက်နက်ကိုင်လမ်းစဉ်ကို ဘယ်အချိန်ကစပြီး ကျင့်သုံးခဲ့တာလဲ၊ ဘာကြောင့်ကျင့်သုံးခဲ့တာလဲ ဆိုတာကိုလဲ ရှင်းပြပေးစေချင်ပါတယ်။

ဦးကန်န။ ။၁၉၇၆ခုနှစ်ကစပြီး လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးပြီး အစိုးရအဆက်ဆက်ကို ဆန့်ကျင်ခဲ့တာပါ။ အဲဒါကလဲ ကိုလိုနီ အမွေဆိုးလို့ ပြောရမှာပါ သွေးခွဲအုပ်ချုပ်မှုနဲ့ ပဒေသရာဇ်အာဏာအုပ်စိုးမှုအစွဲအလမ်းတွေကြောင့် အတွေးအခေါ်ကျဉ်းမြောင်းစွာနဲ့ လက်နက်ကိုင်လမ်းစဉ်ကိုကျင့်သုံးပြီး မှားယွင်းတဲ့လုပ်ရပ်တွေ လုပ်မိခဲ့တယ်။ လူမျိုးရေးအမြင်လဲ ကျဉ်းမြောင်းခဲ့တယ်။ အခုတော့ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိလာပြီး ဒေသဖွံ့ဖြိုးရေးအတွက်ပူးပေါင်းဆောင်ရွက်ကြမယ်လို့ဆုံးဖြတ်လိုက်ပါပြီ။

မေး။ ။နိုင်ငံတော်က ဘာတွေကူညီပံ့ပိုးမှုတွေပေးမယ်လို့ သိထားရပါသလဲ၊ ဘာတွေများရပြီးပါသလဲဆိုတာ သိပါရစေ။

ဦးကန်န။ ။ကျွန်တော်တို့စီးပွားရေးလုပ်မယ်၊ အဓိကစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်မယ်၊ မြေလွတ်မြေရိုင်းတွေ ဖော်ထုတ်ပြီးလုပ်မယ်၊ နိုင်ငံတော်ကလဲ အားပေးမယ်၊ ပံ့ပိုးမှုတွေပေးမယ်၊ စက်ယန္တရားကြီးတွေနဲ့ ကူညီမယ်၊ စက်သုံးဆီတွေပေးမယ်လို့သိရပါတယ်။ ဧပြီ ၁၂ ရက်နေ့မှာတော့ ကျွန်တော်တို့ SSNA တပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဆန်အိတ် ၁၆၀၊ ဆီပိဿာ ၆၀၊ ဝတ်စုံ ၂၅၀၊ ကွဲနွားအကောင် ၂၀ နဲ့ ကျပ်ငွေသိန်း ၂၀တို့ကို ဂုဏ်ပြုထောက်ပံ့ခဲ့ပါတယ်။

အလားတူပါပဲ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှာရှိကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလဲ ကျွန်တော်တို့အဖွဲ့နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာမှာ အသုံးပြုနိုင်ဖို့အတွက် ငွေကြေးများ ကျပ်ငွေသိန်းပေါင်း ၂၂၀ ဂုဏ်ပြုပေးအပ် လှူဒါန်းကြပါတယ်။ ကမ္ဘောဇဘဏ်လီမိတက်က ကျပ်သိန်း ၅၀၊ အေးရှားဝေါကုမ္ပဏီလီမိတက်က ကျပ်သိန်း၃၀၊ ငွေစင်ကုမ္ပဏီက ကျပ်သိန်း ၃၀၊ ကျားခေါင်းကုမ္ပဏီက ကျပ်သိန်း ၂၀၊ အေသုံးလုံးကုမ္ပဏီက ကျပ်သိန်း၂၀၊ စိုစိုပြည်ပြည်ကုမ္ပဏီက ကျပ်သိန်း၂၀၊ ငွေရည်ပုလဲကုမ္ပဏီက ကျပ်သိန်း ၂၀၊ လားရှိုးမြို့ပေါ်မှ စီးပွားရေးလုပ်ငန်းရှင်များက ကျပ် ၁၀ သိန်း၊ ပတ္တမြားဥယျာဉ်ကုမ္ပဏီက ကျပ် ၁၀သိန်း၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့က ကျပ် ၁၀ သိန်း တို့ကို လက်ခံရရှိခဲ့ပါတယ်။

မေး။ ။ဦးကန်နတို့ရဲ့ ရှေ့လုပ်ငန်းစဉ်ရည်ရွယ်ချက်များကိုလဲ သိခွင့်ရှိရင် သိပါရစေခင်ဗျာ။

ဦးကန်န။ ။ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်မယ်။ ကျွန်တော်တို့ရဲ့ မှားယွင်းခဲ့သောလုပ်ရပ်များအတွက် နားလည်ခွင့်လွှတ်ပေးခဲ့တဲ့ ဒေသခံပြည်သူများရဲ့ အကျိုးကိုလဲ သယ်ပိုးဆောင်ရွက်ပေးသွားမယ်၊ အလုပ်အကျွေးပြုသွားမယ်။ ဒေသခံပြည်သူများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေးရဲ့အရသာကိုလဲ ပြည့်ပြည့်ဝဝရရှိအောင် ဖြည့်ဆည်းပေးသွားမယ်၊ သံသယတွေပျောက်ပြီး အမှန်ဘဝကို ရောက်လာကြတဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်မိပါကြောင်းနဲ့ အလားတူ လက်နက်မစွန့်ကြသေးတဲ့ တိုင်းရင်းသားညီအစ်ကိုများကိုလဲ သံသယတွေပျောက်ပြီး အမှန်ဘဝရောက်အောင် ကြိုးစားကြပါလို့တိုက်တွန်းလိုက်ပါတယ်။

ဦးကန်နကိုတွေ့ဆုံမေးမြန်းမှုအပြီးမှာ SSNA တပ်မဟာ(၁၁) အမှတ်(၂၇) တပ်ရင်းမှူး ဦးပွမ်ဝမ်းကိုလည်း ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာမှာ–

မေး။ ။ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ခြင်းနဲ့ပတ်သက်ပြီး ဦးပွမ်ဝမ်းရဲ့ သဘောထားကို သိပါရစေခင်ဗျာ။

ဦးပွမ်ဝမ်း။ ။အခု ငြိမ်းချမ်းရေးနဲ့လက်နက် လဲလှယ်ခြင်းဟာ ကျွန်တော်တို့ ခေါင်းဆောင်ရဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်က ကျွန်တော်တို့ SSNA အဖွဲ့ဟာ ဥပဒေဘောင်အတွင်းကို ဝင်ရောက်ခဲ့ပေမယ့် လက်နက်တွေ စွဲကိုင်ထားခဲ့ပါတယ်။ လက်နက်စွဲကိုင်ထားပြီးတော့ ကျွန်တော်တို့အဖွဲ့ဟာ ပြည်သူတွေဆီက အခွန်အကောက်တွေ၊ ဆက်ကြေးတွေ ကောက်ခံပြီး ကျွန်တော်တို့ဘဝကို ရပ်တည်ခဲ့ပါတယ်။ အဲဒီတုန်းက ယုံကြည်မှု တည်ဆောက်ဆဲ

စာမျက်နှာ ၇ သို့

သံသယတွေပျောက်ပြီး အမှန်ဘဝရောက်အောင်ကြိုးစား

❒ **ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေ လုပ်မယ်။ ကျွန်တော်တို့ရဲ့ မှားယွင်းခဲ့သောလုပ်ရပ်များအတွက် နားလည်ခွင့်လွှတ်ပေးခဲ့တဲ့ ဒေသခံပြည်သူများရဲ့ အကျိုးကိုလဲ သယ်ပိုးဆောင်ရွက်ပေးသွားမယ်၊ အလုပ်အကျွေးပြုသွားမယ်။ ဒေသခံ ပြည်သူများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေးရဲ့ အရသာကိုလဲ ပြည့်ပြည့်ဝဝရရှိအောင် ဖြည့်ဆည်း ပေးသွားမယ်၊ သံသယတွေပျောက်ပြီး အမှန်ဘဝကိုရောက်လာကြတဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်မိပါကြောင်းနဲ့ အလားတူ လက်နက် မစွန့်ကြသေးတဲ့ တိုင်းရင်းသားညီအစ်ကိုများကိုလဲ သံသယတွေပျောက်ပြီး အမှန်ဘဝ ရောက်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။**

စာမျက်နှာ ၆ မှ

ကာလဖြစ်လို့ လက်နက်တွေစွဲကိုင်ခဲ့တာပါ။ အဲဒီလက်နက်တွေ စွဲကိုင်ထားတော့ ပြည်သူတွေက စိုးရိမ်ကြောက်ရွံ့နေတဲ့ အနေအထားတွေ ဖြစ်ပေါ်နေခဲ့ပြီး ကျွန်တော်တို့ရဲ့ လက်နက်စွဲကိုင်မှုဟာ ပြည်သူတွေရဲ့အကျိုး၊ ဒေသရဲ့အကျိုးတွေကို အမှန်တကယ်သယ်ပိုးနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မှားယွင်းတဲ့လုပ်ရပ်မျိုးကို နောက်နောင်မဖြစ်ရလေအောင် နေထိုင်သွားမယ်လို့ ဆုံးဖြတ်ပြီး လက်နက်တွေကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်ရခြင်းဖြစ်ပါတယ်။

မေး။ ။အဲဒီလို ငြိမ်းချမ်းရေးနဲ့ လဲလှယ်ခဲ့တဲ့နေ့မှာ ဦးပွမ်ဝမ်းတို့ ဘယ်လိုအဖြစ်အပျက်တွေနဲ့ တွေ့ဆုံခဲ့ရတယ်ဆိုတာ သိပါရစေ။

ဦးပွမ်ဝမ်း။ ။အဲဒီနေ့ကမြင်ကွင်းကတော့ တကယ်ကို ထူးကဲတဲ့စိတ်ချမ်းသာမှုကို ခံစားခဲ့ရပါတယ်။ဒေသခံ ပြည်သူတွေက ကျွန်တော်တို့ လက်နက်တွေ အပြီးအပိုင် စွန့်လွှတ်တာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတဲ့ မြင်ကွင်းကတော့ ကျွန်တော့်ဘဝမှာ မေ့မရနိုင်အောင် ဝမ်းသာမှု၊ စိတ်ချမ်းသာမှုတွေ ထူးထူးကဲကဲခံစားရပါတယ်။ အဲဒီကျမှ ပြည်သူတွေအပေါ် စာနာမှု၊ နားလည်မှုထားရမှန်း သိလာပါတော့တယ်။ ဒေသခံပြည်သူတွေ နှစ်ပေါင်းများစွာတောင့်တနေတဲ့ ဆန္ဒတွေဆိုတာ သိလာရလို့ပါ။ ကျွန်တော် တို့ကို နားလည်ခွင့်လွှတ်ပြီး ညီရင်းအစ်ကိုလိုဆက်ဆံတဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာတွေ၊ ပံ့ပိုးကူညီမှုတွေကိုလဲ ကျေးဇူးတင်မိပါတယ်။

အခု ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင် လဲလှယ်ကြပြီဆိုတာ သိရတော့ အလွန်ကြီးမားတဲ့ ဆုလာဘ်ကြီးရသလို ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမိပါတယ်။

ဒေါက်တာဖြူဖြူ
(လက်ထောက်ဆရာဝန်၊
သိန်းနီဆေးရုံ)

ဝမ်းသာတယ်။ အရမ်းကို ဝမ်းသာတယ်၊ မသေခင် ငြိမ်းငြိမ်းချမ်းချမ်း နေရတော့မယ်။

ဒေါ်အေးမာန်
(ဒေသခံပြည်သူ၊
စယ်အူကျေးရွာ)

မေး။ ။နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် အခုဘာတွေ လုပ်နေတယ်ဆိုတာရော သိပါသလား၊သိသလောက် ရှင်းပြပေးစေချင်ပါတယ်။

ဦးပွမ်ဝမ်း။ ။ဒီကနေ့ အချိန်အခါဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်အတွက် တိုင်းရင်းသားအားလုံးက လိုလား တောင့်တနေတဲ့ အချိန်ဖြစ်နေတာကို တွေ့ရပါတယ်။ နိုင်ငံတော် အစိုးရကလဲ ပြည်နယ်၊ပြည်မ မခွဲခြားဘဲ တစ်ပြေးညီအခွင့်အရေးတွေ ချမှတ်နိုင်ဖို့အတွက် စနစ်တကျ ဆောင်ရွက်နေကြောင်း သိရပါတယ်။ ဥပမာ–အားလုံးသိပြီးဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ဆက်လက်ကျင်းပပြီး ကွာဟမှုအနည်းဆုံးနဲ့ တန်းတူအခွင့်အရေးတွေရရှိအောင် အခြေခံမူများကို ဆွေးနွေးညှိနှိုင်းရေးဆွဲနေကြောင်း ကြားသိရတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ လုပ်ရပ်များနဲ့ စေတနာတွေကို ကျွန်တော်တို့ သံသယမရှိတော့ဘဲ အကြွင်းမဲ့ ယုံကြည်လာပြီဖြစ်ပါတယ်။

မေး။ ။တခြားလက်နက်ကိုင် တိုင်းရင်းသားညီအစ်ကိုတွေကို ဘာများ တိုက်တွန်းချင်ပါသလဲ။

ဦးပွမ်ဝမ်း။ ။ကျွန်တော်တို့ ခေါင်းဆောင် ဦးကန်န ဦးစီးတဲ့ SSNA တပ်မဟာ(၁၁)အနေနဲ့ ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခြင်းကို ဦးဦးဖျားဖျား လုပ်ဆောင်နိုင်ခဲ့တာကို ဂုဏ်ယူမိပါတယ်။ ဒါ့ကြောင့် အခြားသော လက်နက်ကိုင် တိုင်းရင်းသားညီအစ်ကိုတွေကိုလဲ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကြပါလို့ လှိုက်လှဲစွာ ဖိတ်ခေါ်လိုပါတယ်။ ဒါမှ ပြည်သူတွေရဲ့ ရင်တွင်းက ဆန္ဒမွန်တွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ကျွန်တော် ယုံကြည်မိပါကြောင်း ပြောကြားလိုက်ရပါတယ်။

ထို့နောက်ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးဖြစ်သည့် သိန်းနီမြို့နယ်ပြည်သူ့ဆေးရုံမှလက်ထောက်ဆရာဝန် ဒေါက်တာဖြူဖြူအား သိန်းနီမြို့တွင် သွားရောက်တွေ့ဆုံမေးမြန်းရာ–

မေး။ ။ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင်လဲလှယ်တဲ့ SSNA အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ပြည်သူတစ်ဦးအနေနဲ့ ဘယ်လိုခံစားရတယ်ဆိုတာ သိပါရစေခင်ဗျာ။

ဒေါက်တာ ဖြူဖြူ။ ။ကျွန်မကရှမ်းတိုင်းရင်းသူတစ်ဦးပါ။ ကျွန်မနာမည်အပြည့်အစုံက နန်းဖြူဖြူလို့ခေါ်ပါတယ်။ ကျွန်မအသက်(၃၁)နှစ် ရှိပါပြီ။ ရှမ်းပြည်နယ် သိန်းနီမြို့မှာ ကျွန်မကိုမမွေးခင်ကတည်းက ကိုလိုနီနယ်ချဲ့ရဲ့သွေးခွဲအုပ်ချုပ်မှုနဲ့ပဒေသရာဇ် စနစ်အမွေဆိုးတွေကြောင့် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုချင်း လက်နက်ကိုင်ဆန့်ကျင်

ဒီကလေး ကြီးလာရင် တစ်ခုခု များ ဖြစ်သွားမလား ဆိုတဲ့ စိုးရိမ်ပူပန်မှု မရှိတော့တဲ့အတွက် ရင်အေးရပါပြီ။

ဒေါ်နန်းစိုင်ပေါင်း
(ဒေသခံပြည်သူ၊
စယ်အူကျေးရွာ)

မှုတွေဖြစ်ခဲ့ပါတယ်။ ကျွန်မမွေးပြီး လူမှန်းသိစ အရွယ်မှာပဲ ဆိုးရွားလှတဲ့ ဒုက္ခပေါင်းစုံနဲ့ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ပြေးပြေးလွှားလွှား ကျီးလန့်စာစားနေခဲ့ရတာပါ။ ဒီလိုတွေ့ကြုံခံစားရတဲ့ ဒုက္ခတွေ ဘယ်တော့ပြီးဆုံးပြီး ငြိမ်းချမ်းမယ်ဆိုတာကို စိတ်ကူးတောင်မယဉ်ရဲခဲ့ပါဘူး။ မလုံခြုံတဲ့ ဘဝ၊ မအေးချမ်းတဲ့ ဘဝနဲ့ ရှင်သန်ရပ်တည်ခဲ့ရပါတယ်၊ အခု ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင် လဲလှယ်ကြပြီဆိုတာ သိရတော့ အလွန်ကြီးမားတဲ့ ဆုလာဘ်ကြီးရသလို ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမိပါတယ်။

မေး။ ။အရင်အဖြစ်အပျက်တချို့ကို ပြောပြနိုင်ရင် ပြောပြပေးစေချင်ပါတယ်။

ဒေါက်တာ ဖြူဖြူ။ ။အရင်တုန်းက မငြိမ်းချမ်းသေးတော့ အိမ်ကလူတစ်ဦးဦး အချိန်တန်လို့ အိမ်ပြန်မရောက်ရင် တော်တော်ပဲ စိုးရိမ်ပူပန်ရတယ်။ အသက်အန္တရာယ်ကို စိုးရိမ်ရတယ်။ သွားချင်ရာ သွားလို့မရ၊ သွားလိုရာ သွားခွင့်မရတဲ့ အခြေအနေမျိုးပါ။ ကျွန်မကတော့ ဆေးတက္ကသိုလ်ကို ကျောင်းသွားတက်ရတဲ့အခါ မန္တလေးမြို့မှာ ငြိမ်းချမ်းစွာ နေရပေမယ့် စိတ်ချမ်းသာမှု ပျော်ရွှင်မှုမရှိခဲ့ပါဘူး။ မငြိမ်းချမ်းမလုံခြုံတဲ့ဒေသမှာ ကျန်ရစ်ခဲ့တဲ့မိဘဆွေမျိုးတွေအတွက် စိုးရိမ်ပူပန်ခဲ့ရပါတယ်။ ကျွန်မဆရာဝန်ဖြစ်တော့ ကျွန်မတို့ မငြိမ်းချမ်းတဲ့ဒေသကို ဘယ်ဆရာဝန်ကမှ မသွားချင်ဘူးဆိုတာ သိရတော့ ကျွန်မပဲ ဒေသကိုပြန်ပြီး ဆေးရုံမှာ တာဝန်ထမ်းဆောင်ခွင့် တောင်းခံခဲ့တာပါ။

မေး။ ။အခု ဒေါက်တာဖြူဖြူရဲ့ ပီတိဖြစ်နေတဲ့မျက်နှာကိုတွေ့ရတာ ရင်ထဲကခံစားချက်များရှိရင်ထုတ်ဖော်ပြောကြားပေးပါလား။

ဒေါက်တာ ဖြူဖြူ။ ။ဟုတ်ကဲ့၊ ကျွန်မ အရမ်းဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မ မိဘ၊ ဘိုးဘွားတွေ မခံစားခဲ့ရတဲ့ ငြိမ်းချမ်းမှုနဲ့ စစ်မှန်သောဘဝလုံခြုံမှုတွေကိုခံစားရတော့မှာမို့ ကျေနပ်ဝမ်းသာမှု ဖြစ်ရပါတယ်။ ဦးကန်နတို့အဖွဲ့က နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းလက်တွဲပြီး ဒေသဖွံ့ဖြိုးရေးတွေ လုပ်ကြတော့မယ်ဆိုတာသိရလို့ ကျွန်မတို့ဒေသဟာ နေ့ချင်းညချင်း တစ်ရှိန်ထိုးတိုးတက်ဖွံ့ဖြိုးလာတော့မယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့် SSNA ဥပဒေဘောင်အတွင်းဝင်တုန်းက ရောင်နီသန်းခဲ့တဲ့ငြိမ်းချမ်းရေး လမင်းကြီးရဲ့ အလင်းရောင်ဟာ အခုတိမ်ကင်းစင်တဲ့ ငြိမ်းချမ်းရေးလမင်းရဲ့ အလင်းရောင်အောက်မှာ ကျွန်မတို့တစ်တွေ အေးချမ်းပျော်ရွှင်စွာ ပြည့်ပြည့်ဝဝ နေထိုင်ခွင့် ရရှိတော့မှာဖြစ်လို့ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်ရှင်။

ဆက်လက်၍ စယ်အူကျေးရွာရှိ ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ရာတွင် တောင်သူလယ်သမားတစ်ဦးဖြစ်သည့် ဦးစိုင်းခမ်းတီက “လက်နက်ကိုင်တိုင်းရင်းသားတွေ ဥပဒေဘောင်အတွင်းကို စတင် ဝင်ရောက်စဉ်တုန်းကတော့ အေးချမ်းပြီ၊ ငြိမ်းချမ်းပြီလို့ ထင်ခဲ့မိပါတယ်။ ဒါပေမယ့် လက်နက်တွေ စွဲကိုင်ထားတော့ ပြည့်ဝတဲ့ငြိမ်းချမ်းရေးကို မခံစားခဲ့ရပါဘူး။ အခု ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်လိုက်တော့မှပဲ ကျွန်တော်တို့ မျှော်မှန်းခဲ့တဲ့ ငြိမ်းချမ်းရေးအရသာကို ပြည့်ပြည့်ဝဝခံစားရတော့မှာပါ။ ဦးကန်နတို့က လက်နက်တွေအပြီးအပိုင် စွန့်လိုက်တဲ့အတွက် ဘယ်တုန်းကမှ မမျှော်မှန်းရဲခဲ့တဲ့ ဆုလာဘ်ကြီးတစ်ခုရရှိလိုက်သလို ပျော်ရွှင်ဝမ်းသာစွာ ခံစားခဲ့ရပါတယ်။

ထို့နောက် စယ်အူကျေးရွာမှ အသက်(၆၀)ကျော်ရှိ ဒေသခံတိုင်းရင်းသူ ဒေါ်အေးမာန်ကလည်း ရှမ်းဘာသာစကားဖြင့် စကားပြန်မှတစ်ဆင့် ပြောကြားခဲ့ရာ “ဝမ်းသာတယ်၊ အရမ်းကိုဝမ်းသာတယ်၊ မသေခင် ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေးနေရတော့မှာဖြစ်လို့ ဦးကန်နတို့ကို ကျေးဇူးတင်ပါတယ်”

စယ်အူကျေးရွာမှ ရှမ်းတိုင်းရင်းသူ အသက်(၃၂)နှစ်အရွယ်ရှိ ဒေါ်နန်းစိုင်ပေါင်းကလည်း ကလေးချီ၍ပြောကြားခဲ့သည်မှာ “စစ်မှန်တဲ့ ဘဝလုံခြုံမှု၊ ငြိမ်းချမ်းမှုရရှိတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ အထူးသဖြင့် ဒီကလေးကြီးလာရင် တစ်ခုခုဖြစ်သွားမလားဆိုတဲ့ စိုးရိမ်ပူပန်မှုမရှိတော့တဲ့အတွက် ရင်အေးရပါပြီ။ သားသမီးတွေရဲ့အနာဂတ်အတွက်ပါ စိတ်ချရပြီ၊ စိတ်အေးရပြီဆိုတော့ ငြိမ်းချမ်းခြင်းရဲ့အရသာကို ပြည့်ပြည့်ဝဝ ခံစားရတော့မှာပါ”

ဆက်လက်၍ ဗန်နားကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ အသက်(၄၅)နှစ်အရွယ်ရှိ ဦးစိုင်းခိုင်ဝင်းကလည်း “ကျွန်တော်က ဒီဒေသမှာကြီးပြင်းလာတာဆိုတော့ အရင်တုန်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းက အခွန်အခတွေကောက်တယ်၊ ဆက်ကြေးတွေကောက်တယ်၊ ကျွန်တော်တို့က ရတဲ့ဝင်ငွေထဲက ပေးခဲ့ရတယ်၊ အခု ငြိမ်းချမ်းရေးနဲ့လက်နက်အပြီးအပိုင်လဲလှယ်လိုက်တော့ ကျွန်တော်တို့လယ်သမားတွေ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရှာဖွေရရှိတဲ့ ငွေကြေးကို ပြည့်ပြည့်ဝဝသုံးနိုင်တော့မှာဖြစ်လို့ ချောင်လည်ကြတော့မှာပါ။ သဘောထားကြီးစွာနဲ့ ခွင့်လွှတ်လက်ခံပြီး ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင် လဲလှယ်ခွင့်ပြုခဲ့တဲ့ နိုင်ငံတော်အစိုးရ(တပ်မတော်အစိုးရ)ကိုလဲ ကျေးဇူးတင်မိပါတယ်။ ကျွန်တော်တို့အနေနဲ့ကလဲ SSNA အဖွဲ့ကို နားလည်ခွင့်လွှတ်စွာနဲ့ နွေးနွေးထွေးထွေးကြိုဆိုခဲ့ပါတယ်”

ဒေသခံတိုင်းရင်းသား ပြည်သူလူထုများ၏ရင်တွင်းမှဆန္ဒများကို တွေ့ဆုံမေးမြန်း၍ရသမျှ တင်ပြလိုက်ရပါသည်။ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်သည့်အခမ်းအနားတွင် ပြောကြားခဲ့သည့် အမှာစကားတွင် “စယ်အူကျေးရွာ အခြေပြု SSNA ၏ တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်နခေါင်းဆောင်သော ညီအစ်ကိုအားလုံးကိုလဲ ညမှောင်မှောင် လရောင်မလင်းတလက်ကြားက လမ်းစပျောက်တော့မည့်ဆဲဆဲ ညီငယ်တွေအပေါ် လမ်းကြောင်းမှန်တစ်ခုတည်း တစုတစည်းရောက်ရှိလာအောင် ညီညီညွတ်ညွတ် စည်းရုံးလုပ်ဆောင်ပေးနိုင်ခဲ့ကြသည့်အတွက် မိုးကောင်းကင်မှာ လပြည့်ညလဝန်းကြီးနှင့်အတူ ထူးထူးခြားခြား လင်းလက်တောက်ပနေသည့် ဦးဆောင်လမ်းပြရှုဝံ့ကြယ်ပမာ တင်စားဂုဏ်ပြုလိုပါကြောင်း”ဖြင့် ပြောကြားခဲ့ရာ SSNA ၏မှ ဦးကန်နတို့လို မှားယွင်းသောလုပ်ရပ်များဖြင့် လမ်းမှားလိုက်နေသူများကိုလည်း လမ်းဖွင့်၍ကြိုဆိုနေကြောင်း ပေါ်လွင်လှပေသည်။ သို့ဖြစ်၍ သံသယတွေပျောက်ပြီး အမှန်ဘဝကိုရောက်အောင် ဆက်လက်ကြိုးပမ်းကြနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

SSNA တပ်မဟာ(၁၁) အခြေပြုခဲ့သည့် စယ်အူကျေးရွာ။

ဦးကန်နတို့ နေထိုင်ကြသည့် ကွန်ကောက်ကျေးရွာ။

✸ **ကျောဖုံးမှ**

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် သဘာဝဓာတ်ငွေ့(CNG) သုံးမော်တော်ယာဉ်များအဖြစ်ပြောင်းလဲသုံးစွဲရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သိသိသာသာမြင့်မား

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌ ယနေ့ညှိနှိုင်းအစည်းအဝေးသည် ၂၀၀၅ခုနှစ်၌ ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတိုင်းမှာလည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး ညှိကျ၊ နှိုင်းကျ၊ အဖြေရှာကျ လုပ်ခဲ့ကြတာဖြစ်ကြောင်း၊ ယင်းသို့တိုက်တိုက်တွန်းတွန်းလုပ်ခဲ့ကြသည့်အတွက် စက်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ သိသိသာသာမြင့်မားနေတာဖြစ်ကြောင်း။

ပြီးခဲ့သည့် လေးနှစ်တွင် တစ်နှစ်ပျမ်းမျှ၂၄ရာခိုင်နှုန်းခန့် အရှိန်အဟုန်ဖြင့် တိုးတက်ခဲ့ကြောင်း၊ ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ယခုနှစ်၌ ၂၇ဒသမ၅ရာခိုင်နှုန်းတိုးတက်ရမည်ဟုလည်း လျာထားပြီးဖြစ်ကြောင်း။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မန္တလေး၊ မုံရွာ၊တောင်ကြီး (အေးသာယာ) စက်မှုဇုန်များရှိ သံရည်ကျို စက်ရုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

တစ်မျိုးသားလုံး၏ ဂျီဒီပီ၌ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားကို ကြည့်ပါက ၂၀၀၄-၂၀၀၅ခုနှစ်တွင် အကြမ်းအားဖြင့် ၁၀ဒသမ၇ရာခိုင်နှုန်း ပင်ရှိကြောင်း၊လယ်ယာကဏ္ဍ၌ဆိုလျှင် ၄၀ဒသမ၇ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၈ဒသမ၂ရာခိုင်နှုန်းပါဝင်မှုတို့နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက စက်မှုကဏ္ဍသည် လယ်ယာကဏ္ဍပြီးလျှင် တိုင်းပြည်၏ စီးပွားရေးဘဝ၌ ဒုတိယမြောက် တန်ဖိုးပမာဏအကြီးဆုံးကဏ္ဍအဖြစ် တွေ့ရမည်ဖြစ်ကြောင်း။

ရှေ့ကိုတိုးတက်မည့် အလားအလာအရရော မိမိတို့၏ လျာထားသည့်မျှော်မှန်းချက်အရပါ စက်မှုကဏ္ဍ၏ တိုးတက်မှုအလားအလာသည် အင်မတန်ကောင်းနေခြင်းဖြစ်ကြောင်း။

တိုးတက်လာမည်ဖြစ်

စက်မှုကဏ္ဍ၏ တန်ဖိုးပမာဏတက်လာအောင် ကြိုးပမ်းလုပ်ကိုင်ရာ၌ အရေအတွက်အရရော၊ ထုတ်လုပ်မှုတန်ဖိုးပမာဏအရပါ အများစုဖြစ်သော ပုဂ္ဂလိက စက်မှုကဏ္ဍအပိုင်းကို ပို၍တိုးတက်လာအောင်အလေးထားအားပေးရမည်ဖြစ်ကြောင်း၊ အငယ်စားနှင့်အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများ (Private Small and Medium Enterprises) တက်လာမှလည်း ပုဂ္ဂလိကအပိုင်းတစ်ခုလုံး တိုးတက်လာမည်ဖြစ်ကြောင်း။

အငယ်စားနှင့်အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စက်မှုကဏ္ဍအတွက် အရေးကြီးသောအခြေခံဖြစ်သည့်အတွက် ယင်းအခြေခံတစ်ခုလုံးတစ်ပြိုင်တည်းအင်အားတောင့်လာအောင်၊ လမ်းမှန်ပေါ် ရပ်တည်လာနိုင်အောင်မိမိတို့က ညှိနှိုင်းစီမံပေးရမည်ဖြစ်ကြောင်း၊ ယင်းသို့ ညှိနှိုင်းစီမံရန်အတွက် တည်ငြိမ်ခိုင်မာသည့် စက်ရုံအလုပ်ရုံစာရင်း၊ လုပ်ကိုင်သော စက်မှုလုပ်ငန်းအမျိုးအစားနှင့်အရွယ်အစား၊ အလုပ်သမားဦးရေ စာရင်းစသည့် ပုဂ္ဂလိကစက်မှုစာရင်းဇယား လိုအပ်ကြောင်း။

ထို့ကြောင့် ပြည်နယ်၊တိုင်းအလိုက် အကြီးစား၊ အလတ်စားနှင့်အငယ်စားစက်မှုလုပ်ငန်းခွဲခြားပြီး လုပ်ငန်းအမျိုးအစားအလိုက် စာရင်းဇယားပြုစုပေးကြရန် မှာကြားလိုကြောင်း။

ဒုတိယမှာကြားလိုသည့်အချက်မှာ စက်မှုဇုန်များကို အခြေခံပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းကို တွန်းတင်သွားရာ၌ စက်မှုဇုန်များအားလုံး တစ်ပြိုင်တည်းတိုးတက်လာရေးပင် ဖြစ်ကြောင်း။

ဤနေရာ၌ အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ပထမပိုင်းမှာ မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန် စက်မှုဇုန်သုံးဇုန် တိုးတက်ရေးဖြစ်ကြောင်း၊ ယင်းဇုန်သုံးဇုန်၌ ထူထောင်နေသည့် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားအလုပ်ရုံများသည် မေလနောက်ပိုင်းတွင် စတင်လည်ပတ်ပြီး စက်မှုကုန်ချောများ စတင်ထုတ်တော့မည်ဖြစ်ကြောင်း။

သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်းတွင် မိသားစု တစ်နိုင်တစ်ပိုင်မိရိုးဖလာ သံရည်ကျိုပုံသွင်းလောင်းသည့်အဆင့်မှ ခေတ်မီစက်ကိရိယာပစ္စည်းများသုံးစွဲပြီး သံရည်ကျိုပုံသွင်း ပုံလောင်းသည့် ခေတ်သစ်အဆင့်ကို တက်လှမ်းနေပြီ

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီဥက္ကဋ္ဌ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ရှင်းလင်း ပြောကြားစဉ်။
(သတင်းစဉ်)

ဖြစ်သည့်အတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းအတွက် ကြီးမားသောအလှည့်အပြောင်းဖြစ်ကြောင်း။

အရည်အသွေးမီ

စက်မှုဇုန်သုံးဇုန်၌ ထူထောင်ထားသော ခေတ်မီသံရည်ကျိုမီးဖိုတစ်လုံးစီသည် တစ်နေ့ကို ငါးတန် တစ်နှစ်ကို တန်၁၀၀၀ကျော်ခန့် ကျိုနိုင်အားရှိကြောင်း၊ ထို့ကြောင့် အရည်အသွေးမီသော သံထည်ပစ္စည်းများကို များများစားစား ထုတ်လုပ်နိုင်အားရှိနေပြီဖြစ်ကြောင်း။

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တီထွင် ထုတ်လုပ်ထားသည့် လက်တွန်းထွန်စက် အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထုတ်လုပ်ပေးနိုင်

ယင်းသံရည်ကျိုအလုပ်ရုံနှင့် တွဲဖက်ပြီး တည်ထောင်ထားသည့် အလုပ်ရုံများ၌ရှိသော Lather Machine, Milling Machine, Drilling Machine, Slotting Machine, Grinding Machine, Boring Machine, Gear Cutting Machine, Tools Grinding Machine စသည့် စက်မျိုးစုံ အရွယ်စုံများကိုသုံးပြီး သွန်းလောင်းရရှိသော သံထည်ပစ္စည်းများကို လိုအပ်သကဲ့သို့ အနုစိတ်စက်ခုတ်စား ထုတ်လုပ်ပေးနိုင်ကြောင်း၊ ပုံဖိစက်အပါအဝင် အခြားစက်ကိရိယာများနှင့်လည်း ပုံဖော်ဖြတ်တောက်နိုင်ပြီး အမာတင်လုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်အားရှိကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ တစ်တွဲတည်းတန်းစီပြီး ထူထောင်ထားသည့် အလုပ်ရုံကို အပြည့်အဝအသုံးချနိုင်ရန်နှင့် စက်စွမ်းအားရှိသည့်အတိုင်း အချိန်ပြည့် လည်ပတ်နိုင်ရန် အထူးအရေးကြီးကြောင်း။

အထူးအရေးကြီး

ခေတ်မီစက်ကိရိယာများ ရှိနေပြီဖြစ်သည့်အတွက် ကျွမ်းကျင်လုပ်သား၊ ကုန်ကြမ်း၊ ငွေကြေးနှင့် ဈေးကွက်ရရှိရေးသည် အထူးအရေးကြီးကြောင်း၊ ရေရှည်တိုးတက်အောင်မြင်ရေးအတွက် စက်များကို ကိုင်တွယ်အသုံးပြုမည့် ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်စုဆောင်းရေးနှင့်ဈေးကွက်ရရှိရေးသည် အဓိကကျသကဲ့သို့ ကုန်ကြမ်းပစ္စည်းနှင့်လည်ပတ်ငွေကြေးရရှိရေးသည်လည်း လုပ်ငန်းလည်ပတ်ရေးအတွက် အရေးပါနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် စက်ရုံအလုပ်ရုံများကို နိုင်နိုင်နင်းနင်းအုပ်ချုပ်စီမံရာ၌ အစိုးရရုံးပုံစံမျိုး ရုံးကနားဆန်ဆန် လုပ်နေ၍မဖြစ်ဘဲ စီးပွားရေးသဘောအရ လွတ်လွတ်လပ်လပ်လည်း ရှိရမည်ဖြစ်ကြောင်း၊ အံဝင်ခွင်ကျသည့် စက်ရုံအလုပ်ရုံ အုပ်ချုပ်မှုသဏ္ဌာန်ကို အခြေချပုံဖော်ပေးနိုင်မှသာ သံရည်ကျိုစက်ရုံလုပ်ငန်းများသည် စဉ်ဆက်မပြတ် လည်ပတ်ပြီး အကျိုးအမြတ်ရှိလာမည်ဖြစ်ကြောင်း။

ထို့အပြင် စက်ရုံအလုပ်ရုံ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်သည့် တိကျသပ်ရပ်သောလက်သားကျသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ဆက်လက်ထုတ်လုပ်နိုင်အောင် မည်သည့်စက်ပစ္စည်းများ ထပ်ထည့်ရန်လိုအပ်သည်၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်ကိုမီအောင် စနစ်တကျ မည်သို့ထုတ်လုပ်မည်စသည့် အချက်များကို အနာဂတ်နှင့်ယှဉ်ပြီး စီးပွားရေးအရ၊ နည်းပညာအရ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အခြေခံအရေးကြီးသည့် စက်ကိရိယာများအနေဖြင့်

အရည်အသွေးမီသော သံထည်ပစ္စည်းများ ထုတ်လုပ်နိုင်အားရှိနေ

- ❑ မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့်အေးသာယာစက်မှုဇုန် သုံးဇုန်၌ထူထောင်နေသည့်ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားအလုပ်ရုံများသည် မေလနောက်ပိုင်းတွင် စတင်လည်ပတ်ပြီး စက်မှုကုန်ချောများ စတင်ထုတ်တော့မည်၊
- ❑ ခေတ်မီသံရည်ကျိုမီးဖိုတစ်လုံးစီသည် တစ်နေ့ကိုငါးတန် တစ်နှစ်ကို တန်၁၀၀၀ကျော်ခန့် ကျိုနိုင်အားရှိ၊ ထို့ကြောင့် အရည်အသွေးမီသော သံထည်ပစ္စည်းများကို များများစားစား ထုတ်လုပ် နိုင်အားရှိနေ၊
- ❑ ခေတ်မီစက်ကိရိယာများ ရှိနေပြီဖြစ်သည့်အတွက် ကျွမ်းကျင်လုပ်သား၊ ကုန်ကြမ်း၊ ငွေကြေးနှင့် ဈေးကွက်ရရှိရေးသည် အထူးအရေးကြီး၊စက်ရုံအလုပ်ရုံများကို နိုင်နိုင်နင်းနင်းအုပ်ချုပ်စီမံရာ၌ အစိုးရရုံးပုံစံမျိုး ရုံးကနားဆန်ဆန် လုပ်နေ၍မဖြစ်ဘဲ စီးပွားရေးသဘောအရ လွတ်လွတ်လပ်လပ် ရှိရမည်ဖြစ်၊ အံဝင်ခွင်ကျသည့် စက်ရုံအလုပ်ရုံ အုပ်ချုပ်မှုသဏ္ဌာန်ကို အခြေချပုံဖော်ပေးနိုင်မှသာ သံရည်ကျိုစက်ရုံလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ပြီး အကျိုးအမြတ်ရှိလာမည်။

CNG ကားများ ပြုပြင်ပြောင်းလဲရာတွင် နည်းစနစ်မှန်မှန်ဖြင့် မြန်မြန်ပြောင်းလဲသုံးစွဲ မော်တော်ယာဉ်များထုတ်လုပ်မှုကို ဘတ်စ်ကားနှင့်ကုန်တင်ယာဉ်များ ဦးစားပေးဆောင်ရွက်

ပြည့်စုံနေပြီဖြစ်သည့်အတွက် ထပ်ထည့်ရမည့် စက်ပစ္စည်းများကို လွယ်လင့်တကူ လက်လှမ်းမီမည် သေချာကြောင်း၊ လုပ်ငန်းအောင်မြင်လာသည်နှင့်အမျှ Spectrometer; Ultrasonic Crack Dactor; Precision Measuring Instrument; Preheating Furnace; CNC Machineတို့ကို တစ်ခုပြီး တစ်ခု ထပ်ထည့်ဖြစ်လာမည် ဖြစ်ကြောင်း။

အနာဂတ်မျှော်မှန်းချက်

ထိုအချိန်ကျမှသာ လက်ရှိစက်ရုံအလုပ်ရုံများသည် အီလက်ထရွန်းနစ်နည်းပညာနှင့် ပေါင်းစပ်ပြီး Automation အဆင့် နိုင်ငံတကာအဆင့် တက်လှမ်းမည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဆင့်မှ စက်ပစ္စည်းအစိတ်အပိုင်း Mechanical Spare Partsတင်ပို့သော ပြည်ပပို့ကုန် စက်မှုလုပ်ငန်းအဆင့်သို့ ကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ ယင်းအချက်မှာ လက်တွေ့ကျသည့် အနာဂတ်မျှော်မှန်းချက်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် လက်ရှိထူထောင်ထားသည့် သံရည်ကျိုလုပ်ငန်း အလုပ်ရုံများကို စီးပွားရေးဆန်ဆန် စီမံခန့်ခွဲအုပ်ချုပ်ရေး၊ကျွမ်းကျင်ပညာရှင် စဉ်ဆက်မပြတ်မွေးထုတ်ရေး၊ ဈေးကွက်ရရှိရေးတို့အတွက် လက်တွေ့ကျသည့် အဖြေကို ညှိနှိုင်းဖော်ထုတ်ပေးနိုင်ရန် အထူးအရေးကြီးကြောင်း။

အရည်အသွေးရှိရှိ

ပထမလောလောဆယ်တွင် ခေတ်မီသံရည်ကျိုလုပ်ငန်း ဖွံ့ဖြိုးမှုနှင့်ဆက်စပ်ပြီး သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများဖြစ်သော လက်တွန်းထွန်စက်ထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းသုံး ကုန်တင်ယာဉ်ငယ်ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုလုပ်ငန်း၊ ဘတ်စ်ကားနှင့် ကုန်တင်ကား ထုတ်လုပ်မှုလုပ်ငန်း၊ ဆန်စက်ငယ်နှင့် ရေအားလျှပ်စစ်တာဘိုင် အငယ်စား ထုတ်လုပ်မှုလုပ်ငန်းစသည့် စက်မှုလုပ်ငန်းများသည် အရည်အသွေးရှိရှိ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ယင်းသို့ အရည်အသွေးရှိရှိ တိုးတက်ထုတ်လုပ်နိုင်အောင်လည်း သက်ဆိုင်ရာ စက်မှုဇုန်တာဝန်ခံများနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများက အနီးကပ် ဆက်စပ်ညှိနှိုင်းပေးရမည်ဖြစ်ကြောင်း၊ ရေရှည်တွင် စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းကိစ္စများကို မိမိကိုယ်တိုင်ဖြေရှင်းသွားနိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ် ရောက်သွားအောင် နိုင်ငံတော်အပိုင်းက တာဝန်ကျေကျေ စောင့်ရှောက်ကူညီပြီး တွန်းတင်ပေးရမည်ဖြစ်ကြောင်း။

ဒုတိယပိုင်းတွင် ကျန်သည့် စက်မှုဇုန်များသည်လည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရန် ဖြစ်ကြောင်း၊ ခေတ်မီသံရည်ကျိုလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် ဆက်စပ်ပြီး ကျန်စက်မှုဇုန်များ၌ရှိသည့် စက်မှုနည်းပညာ အားပြုထားသော စက်မှုလုပ်ငန်းများသည်လည်း တိုးတက်လာရမည်ဖြစ်သည်ဟု ယေဘုယျအားဖြင့် ကြိုတင်သုံးသပ်နိုင်ကြောင်း။

ရှာဖွေဖော်ထုတ်

သို့သော်လည်း ဤနေရာ၌ စက်မှုဇုန်အလိုက်ရှိနေသည့် (Industrial Talent)ကို ရှာဖွေဖော်ထုတ်ပေးပြီး လက်တွေ့ကျကျ အားပေးနိုင်ရန် အရေးကြီးကြောင်း။

စက်မှုဇုန်အလိုက် တည်ရှိနေသည့် အတတ်ပညာအင်အား၊ ငွေကြေးအင်အား၊ လုပ်ငန်းရှင် အမျိုးအစားအင်အားများကို အခြေခံပြီး အလားအလာကောင်းသည့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်မှလည်း စက်မှုဇုန်များအားလုံး တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ဖြစ်နိုင်မည်ဆိုလျှင် စက်မှုဇုန်အလိုက် ထူးခြားအောင်မြင်နာမည်ရသော စက်မှုကုန်ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးတို့ကို ပိုင်ပိုင်နိုင်နိုင် ထုတ်လာနိုင်သည့် အဆင့်ရောက်အောင် အားပေးပျိုးထောင်ကြရမည် ဖြစ်ကြောင်း၊ စက်မှုဇုန်များ တိုးတက်ရေးတွင် တုံ့နှေးနေမည်ဆိုလျှင် နောက်ပိုင်း၌ စက်မှုဇုန်အချင်းချင်းအကြား ကွာဟချက်မှာ ကြီးမားသွားမည်ဖြစ်ကြောင်း၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးတက်လာရန် ရည်မှန်းချက်မှာလည်း အလှမ်းဝေးသွားနိုင်ကြောင်း။

ခြုံလိုက်ပါက မိမိ၏ဆွေးနွေးချက်များသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်းတိုးတက်ရေး၊ စက်မှုဇုန်သုံးဇုန်၌ရှိသည့် ခေတ်မီသံရည်ကျိုအလုပ်ရုံများ စဉ်ဆက်မပြတ် စက်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ စက်မှုဇုန်အားလုံး တစ်ပြိုင်တည်း တိုးတက်ရေးတို့အတွက် စဉ်းစားသင့်သည်များကို တင်ပြခြင်းဖြစ်ကြောင်း။

စက်စွမ်းအားပြည့်လည်ပတ်

ပုဂ္ဂလိက စက်မှုလုပ်ငန်းပိုင်းအခြေခိုင်မာပြီး တိုးတက်အောင်လုပ်နိုင်မှလည်းရေရှည်၌တိုင်းပြည်ခေတ်မီဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ လောလောဆယ်အခြေအနေအရလည်း နိုင်ငံတော်အပိုင်းက နိုင်ငံပိုင်စက်ရုံအလုပ်ရုံအကြီးစားများကိုအသစ်ထပ်မံ တည်ဆောက်ဦးမည်မဟုတ်သေးဘဲ တည်ဆောက်ထူထောင်ထားသည့်စက်ရုံများစက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေးကိုပင် အလေးပေးဦးမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပုဂ္ဂလိကစက်မှုကဏ္ဍ၌ တိုးချဲ့ထူထောင်ရင်းနှီးလာအောင်၊ ရင်းနှီးထားပြီးသည့်လုပ်ငန်းများကိုလည်း လမ်းကြောင်းမှန်ပေါ်ရောက်အောင် အားပေးလမ်းပြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပုဂ္ဂလိကအပြင် ရာနှုန်းပြည့်လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်အားပေးရမည်ဖြစ်ကြောင်း။

သို့မှလည်း နိုင်ငံတော်အကြီးအကဲတာဝန်ပေးထားသည့်အတိုင်း စက်မှုကဏ္ဍ၏တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပဏ္ဏာမရှင်းလင်းပြောကြားသည်။

အင်တိုက်အားတိုက်အားပေးပံ့ပိုး

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်းက ယနေ့သည် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်တွန်းအားပေးဆောင်ရွက်နေသောကာလဖြစ်ပါကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က စက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက်အားပေးပံ့ပိုးနေပါကြောင်း။

စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်မှုတွင် စက်မှုဇုန်များ မထူထောင်မီ ၃၁-၃-၁၉၉၅ရက်ရှိ မှတ်ပုံတင်စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များတည်ထောင်ပြီး ၃၁-၃-၂၀၀၅ရက်အထိ တိုးတက်မှုအခြေအနေကို နှိုင်းယှဉ်ကြည့်ရာ ၁၀နှစ်ကာလအတွင်း လုပ်ငန်းပေါင်း၁၁၈၉၅ခု တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ထုတ်လုပ်မှု တန်ဖိုးအနေဖြင့် ၂၀၀၁-၂၀၀၂ ခုနှစ်က ငွေကျပ်သန်းပေါင်း ၃၁၈၄၃ ဒသမ ၄၆ ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ် မတ် ၃၁ ရက်တွင် ငွေကျပ်သန်းပေါင်း ၂၈၅၇၃၆ ဒသမ ၄၅ နှင့် အမေရိကန်ဒေါ်လာ ၅၅၆ ဒသမ ၃၈ သန်းရှိနေပြီဖြစ်ရာ ငွေကျပ်သန်းပေါင်း ၂၅၃၈၉၂ ဒသမ ၉၉ နှင့် အမေရိကန်ဒေါ်လာ ၅၅၆ ဒသမ ၃၈ သန်း တိုးတက်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့အတူ စက်မှုလုပ်ငန်းတွင် ယခုအခါ လုပ်သားအင်အား ၁၅၂၇၅၄ ဦး ရှိနေပြီဖြစ်ရာ ၈၂၃၂၃ဦး တိုးတက်လုပ်ကိုင်နိုင်ပြီဖြစ်ပါကြောင်းဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုအခြေအနေနှင့် စက်မှုဇုန်တိုးတက်ဖြစ်ပေါ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းက စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများအား သမားရိုးကျ ထုတ်လုပ်နေမှုများကို ခေတ်မီနည်းပညာမြင့်မားသော ကုန်ထုတ်လုပ်လာနိုင်စေရန်အတွက် နိုင်ငံတော်က အမေရိကန်ဒေါ်လာငါးသန်းပံ့ပိုးကူညီမှုဖြင့် မန္တလေး၊ မုံရွာ၊ တောင်ကြီး(အေးသာယာ)စက်မှုဇုန်များ၌ သံရည်ကျို၊ ပုံထောင်း၊ ပုံလောင်း၊ ပုံဖိ၊ စက်ခုတ်စား စက်ပစ္စည်းများ တင်သွင်းပြီး အလုပ်ရုံများ တည်ထောင်ပေးမှုအခြေအနေ၊ ဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲသုံးစွဲတပ်ဆင်မှုအခြေအနေ၊ ဘတ်စ်ကား၊ ကုန်တင်ကား ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာနှင့် တောင်ကြီး(အေးသာယာ)စက်မှုဇုန်များရှိ သံရည်ကျိုစက်ရုံများနှင့်စပ်လျဉ်း၍ ပြည်ပမှစက်ပစ္စည်းများရောက်ရှိမှု၊ သက်ဆိုင်ရာစက်မှုဇုန်များသို့ ပေးပို့မှုနှင့် တပ်ဆင်မှု၊ နည်းပညာဆိုင်ရာအထောက်အကူပြုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က Mould and Die စက်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဓာတ်ဆီနှင့် ဒီဇယ်သုံးမော်တော်ယာဉ်များကို CNG သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က စက်မှုဇုန်များမှထုတ်လုပ်သည့် မော်တော်ယာဉ်များအား စစ်ဆေးပြီးစီးမှုအခြေအနေနှင့် စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှု

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် စက်မှုဇုန်ကြီးကြပ်ရေးဥက္ကဋ္ဌများက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

နည်းစနစ်မှန်မှန်

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ CNG ကားများအဖြစ် ပြုပြင်ပြောင်းလဲသုံးစွဲရာ၌ နည်းစနစ်မှန်မှန်နှင့် မြန်မြန်ပြောင်းလဲသုံးစွဲရေး၊ မော်တော်ယာဉ်ထုတ်လုပ်မှုကို နည်းမှန်လမ်းမှန်ဖြင့် စည်းစနစ်ကျနစွာ ထုတ်လုပ်ရေး၊ ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များကို ဦးစားပေး၍ သွက်လက်စွာထုတ်လုပ်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားလုပ်ကိုင်ဆောင်ရွက်ရေး၊ စက်မှုဇုန်အလိုက် အလုပ်ရုံဆွေးနွေးပွဲ အငယ်စားများ ပြုလုပ်ရေးတို့ကို ထပ်မံ ရှင်းလင်းမှာကြားသည်။

ကဏ္ဍအလိုက်ဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံစက်မှုကုန်ထုတ်သူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များက စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်လိုင်းကားများကို သဘာဝဓာတ်ငွေ့သုံး CNG ကားများအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိရာ၌ အဆင်ပြေချောမွေ့စွာ ပြောင်းလဲပေးနိုင်ရေးအတွက် ညှိနှိုင်းစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ပြောင်းလဲသုံးစွဲရေး

ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်အလိုက်တိုးတက်ရေး၊ ထူထောင်ထားသည့် သံရည်ကျိုအလုပ်ရုံများလည်ပတ်၍ စက်မှုပစ္စည်းများထုတ်လုပ်ရေး၊ CNG ကားများအဖြစ် ပြောင်းလဲသုံးစွဲရေးတို့ကို နိုင်ငံတော်အပိုင်းနှင့် ပြည်သူများအပိုင်းတို့က အပြန်အလှန်နားလည်မှုရှိရှိဖြင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်း၌ ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော စက်မှုဇုန်များတွင် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တီထွင်ထုတ်လုပ်ထားသည့် လက်တွန်းထွန်စက်အစိတ်အပိုင်းများပြခန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ လေဟာနယ်သွန်းပုံနည်းဖြင့် ဒန်သတ္တုစပ်သွန်းထည်ပစ္စည်းများ ထုတ်လုပ်ခြင်းပြခန်း၊ မြောက်ဥက္ကလာပ စက်မှုဇုန်၏ ကိုရီးယားသမ္မတနိုင်ငံသို့ တင်ပို့သည့် သွန်းလောင်းသံထည်ပစ္စည်းများပြခန်းနှင့် T&Dကုမ္ပဏီမှထုတ်လုပ်သော အီလက်ထရွန်းနစ်ပစ္စည်းများ ပြခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် Mould and Die စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဓာတ်ဆီနှင့် ဒီဇယ်သုံး မော်တော်ယာဉ်များအား CNG သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အီလက်ထရွန်းနစ်နည်းပညာနှင့်ပေါင်းစပ်ပြီး နိုင်ငံတကာအဆင့် တက်လှမ်း

- ❒ ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်သည့် တိကျသပ်ရပ်သော လက်သားကျသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ဆက်လက်ထုတ်လုပ်နိုင်အောင် မည်သည့်စက်ပစ္စည်းများ ထပ်ထည့်ရန် လိုအပ်၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်မီအောင် စနစ်တကျ မည်သို့ထုတ်လုပ်မည် စသည့် အချက်များကို အနာဂတ်နှင့်ယှဉ်ပြီး စီးပွားရေးအရ၊ နည်းပညာအရ စဉ်းစားဆုံးဖြတ်၊
- ❒ အခြေခံအရေးကြီးသည့် စက်ကိရိယာများ ပြည့်စုံနေပြီဖြစ်သည့်အတွက် ထပ်ထည့်ရမည့် စက်ပစ္စည်းများကို လွယ်လင့်တကူလက်လှမ်းမီမည် သေချာ၊ ထိုအချိန်ကျမှသာ လက်ရှိစက်ရုံအလုပ်ရုံများသည် အီလက်ထရွန်းနစ်နည်းပညာနှင့် ပေါင်းစပ်ပြီး **Automation** အဆင့် နိုင်ငံတကာအဆင့် တက်လှမ်းမည်ဖြစ်။

အပန်းဖြေမြို့တော်မှ ကြိုနေမှာ

ဇေယျာမျိုးထက်

ခရီးသွားခြင်းသည် အပန်းဖြေခြင်းဖြစ်သကဲ့သို့ ဦးနှောက်ကိုလည်း လန်းဆန်းကြည်လင်စေသည်။ မြင်တွေ့နေကျနေရာတစ်ခု၊ မြို့ပြအငွေ့အသက်မှ ဖယ်ခွာ၍ တောတောင်ရှုခင်း၊ စပါးခင်းများနှင့် သဘာဝမြင်ကွင်းတို့ကို ခံစားရခြင်းသည် ရင်ကို အေးမြစေသည်။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို ခရီးထွက်ဖို့ အကြောင်းဖန်လာသည်။ မရောက်ဖူးသေးသည့် နေရာဒေသတစ်ခုကို သွားရမည်ဖြစ်၍ ဒေသန္တရ ဗဟုသုတတိုးစေသလို အတွေ့အကြုံသစ်များလည်း ရလာမည်ဖြစ်သည်။

တေးသံရှင်လည်းဖြစ် ကိုယ်တိုင်တေးရေးသူလည်းဖြစ်သည့် အဆိုတော်(ဦး)မျိုးမြင့်လေးနှင့်အတူ ခရီးသွားရန်

သံတောင် တောင်စခန်းမြို့ကို အဝေးမှ ဤသို့ သာယာလှပစွာ တွေ့ရသည်။

ဖြစ်သည်။ အဆိုတော်(ဦး)မျိုးမြင့်လေး၏ သီချင်းများကို ကြိုက်နှစ်သက်သူဖြစ်၍ ကိုယ်ကြိုက်သည့် အဆိုတော်နှင့် တစ်ခရီးတည်းသွားရမည်ဖြစ်ရာ စိတ်ထဲတွင် ကျေနပ်နေမိသည်။ ခရီးစဉ်က ရန်ကုန်မှ သံတောင် တောင်စခန်းမြို့ဆီသို့ ဖြစ်သည်။

ရန်ကုန်မှ နံနက် ၆နာရီမှာ ထွက်ခဲ့သည်။ ပဲခူးမှာ နံနက်စာစား၍ ဆက်ထွက်ခဲ့ရာ တောင်ငူသို့ နံနက် ၁၁နာရီခန့် ရောက်သည်။ နေ့လယ်စာကို တောင်ငူမှာ စားကြသည်။ တောင်ငူမှဆက်လက်ထွက်ခွာရာ မကြာမီ "ကရင်ပြည်နယ်မှ ကြိုဆိုပါ၏"ဆိုသည့် ဆိုင်းဘုတ်ကို တွေ့ရသည်။ လမ်းတစ်လျှောက် ရတနာတန်းဝင် ကျွန်းပင်များကို တစ်အုပ် တစ်မကြီး တွေ့ခဲ့ရသည်။ တောင်ငူမှ ၁၃မိုင်သာဝေးသည့် သံတောင်မြို့ကို ရောက်တော့ ခဏနားပြီး ပသိချောင်း ရေအေးမြမြမှာ ခြေလက်ဆေးကြသည်။ ကျောက်တုံးများ ကြားမှ ကွေ့ဝိုက်၍ စီးဆင်းနေသည့် ပသိချောင်းရေသည် ကြည်လင်အေးမြနေသလို ခရီးသွားများ၏ စိတ်ကို လန်းဆန်းသွားစေသည်။

ထိုမှ ဆက်ထွက်ခဲ့ရာ တောင်တက်လမ်းကစပြီ။ မြွေလိမ်မြွေကောက် ကားလမ်းအတိုင်း တောင်တက်လမ်းသည် ပြေပြေလေးဖြင့် တက်သွားသည်။ ကားလမ်းကကျယ်သလို အတက်လမ်း၊ အဆင်းလမ်း ခွဲလမ်းဖောက်ထား၍ ကားများတက်ရသည်မှာ အဆင်ပြေပြီး မြန်လည်းမြန်သည်၊ အန္တရာယ်လည်းကင်းသည်။ မကြာမီ "သံတောင် တောင်စခန်းမြို့ ကြိုဆိုပါ၏"ဆိုသည့် ဆိုင်းဘုတ်နီနီကို တွေ့ရပြီ။ တောင်ပေါ်ရာသီဥတုကို မြေပြန့်ဒေသနှင့် ခြားနားစွာ ခံစားလိုက်ရသည်။ တိုက်ခတ်လာသည့် လေကလည်း အေးမြမြနှင့်မို့ ဧပြီနေ့လယ်မှာ ဒီဇင်ဘာနံနက်ခင်း အရသာကဲ့သို့ ခံစားလိုက်ရသည်။

မြို့အဝင် ဆိုင်းဘုတ်နှင့် မနီးမဝေးမှာ Stone Garden ကျောက်တုံးဥယျာဉ်ကို တွေ့လိုက်ရသည်။ ကိုယ်ကပဲ မန့်စပ်၍လားမသိ၊ ရောက်ခဲ့ဖူးသည့် မြို့များတွင် တစ်ခါမျှ မတွေ့ဖူးသည့် ဥယျာဉ်မျိုးဖြစ်သည်။

ထိုနေရာမှ ဆက်ထွက်လာခဲ့ရာ မြို့တွင်းသို့ရောက်ရှိခဲ့သည်။ ကလောမြို့နှင့် ခပ်ဆင်ဆင်တူသည်။ ရန်ကုန်မှ စထွက်သည့်အချိန်မှ သံတောင် တောင်စခန်းမြို့ ရောက်သည် အထိ စားသည့်အချိန်၊ နားသည့်အချိန်ကို နုတ်လျှင် ခရီးသွားချိန် စုစုပေါင်းမှာ ခြောက်နာရီခန့်သာ ရှိသည်။

မြို့လယ်မှာ ချောင်းလေးကဖြတ်သန်းစီးဆင်းနေသည်။ ချောင်းအမည်ကိုမေးကြည့်မိတော့ ပြုံးချောင်းတဲ့လေ။ တည်းခိုမည့်နေရာကိုမသွားမီ မြို့ရှုခင်းကို တဝကြီး လှမ်းမျှော်ကြည့်မိသည်။ မြို့လယ်က နှစ်ထပ်ကုန်တိုက် အဆောက်အအုံကြီးကို ခံ့ညားစွာ တွေ့ရသည်။ ဟိုတယ်ဇုန်များမှ ခေတ်မီအဆောက်အအုံများကိုလည်း တွေ့ရသည်။

မြို့တွင်းအုတ်ရေကန်၊ ရေဘုံပိုင်များမှာ ရေခပ်နေသူများကို တွေ့ရ၍ ရေအဆင်ပြေသည်ကို တွေ့ရသလို လမ်းမီးတိုင်များ၊ တယ်လီဖုန်းတိုင်များတွေ့ရ၍ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေး ကောင်းမွန်နေသည်ကို သတိပြုမိသည်။

တည်းခိုနားနေသည့် နေရာကိုသွားကြသည်။ အဝတ်အစားလဲလှယ်ပြီး ကိုယ်လက်သုတ်သင်ဖို့ရာ ရေချိုးရန်ပင် ခပ်လန့်လန့်။ ရေကန်ထဲကရေကိုခပ်ပြီး မျက်နှာသစ်

သံတောင် တောင်စခန်းမြို့ ကျောက်တုံးဥယျာဉ်ကို ဤသို့ တွေ့ရသည်။

လိုက်ရာ အေးစိမ့်မှုအရသာကို နှစ်သက်စွာခံစားရသည်။ အေးစိမ့်စိမ့်ရေကို တဝကြီးချိုးလိုက်ရာ မပန်းသောခရီးမှာ ပို၍ လန်းဆန်းမှု ရရှိခဲ့သည်။

ညနေပိုင်း ညစာစားပြီးနောက် ဆည်းဆာရှုခင်းကို

သံတောင် တောင်စခန်းမြို့အဝင် ဆိုင်းဘုတ်ကို အဝင်လမ်းနံဘေးတွင် ဤသို့ တွေ့ရသည်။

ကြည့်မိသည်။ ထိန်လင်းပြီး ရှုမငြီးသည့် လမ်းမီးနှင့် အိမ်မီးများကို မြူခိုးများဝေနေသည့် တိမ်စိုင်များဖြင့် ပန်းချီကားတစ်ချပ်သဖွယ် တွေ့မြင်ရသည်။ ခရီးဖော်ဦးမျိုးမြင့်လေးမှာ မြို့အလှနှင့်အေးမြမှုကို ခံစားရင်းသီချင်းစာသားတွေ ရသလောက် ရေးသိနေလောက်ပြီ။

နောက်တစ်နေ့နံနက်မှာ နံနက်စာစားပြီး ဟိုတယ်ဇုန်များဆီသို့သွားခဲ့သည်။ မြို့ရေပေးရေးအတွက် သူထူးချောင်းရေကိုတားပြီး ရေလှောင်တမံမှ အဆင့်ဆင့် ရေတင်ထားသည့် ရေကန်များကို တွေ့ရသည်။ ဟိုတယ်ဇုန်များမှ ဟိုတယ် အဆောက်အအုံများက လှပခံ့ညားသည်။ တည်းခိုရန် အသင့်ဖြစ်နေပြီ။ **တည်းခိုရန် ရေ၊ မီး၊ တယ်လီဖုန်း၊ ဂြိုဟ်တုစလောင်းများ အပြည့်အစုံရှိနေ၍ လာရောက်တည်းခိုသူများ အပန်းဖြေအနားယူဖို့ အလွန် ကောင်းလှသည်။ ဟိုတယ်ဇုန်များမှစီးပြီး မြို့ရှုခင်းကို ကြည့်ရသည်မှာ မြူနှင်းများကြားမှ တောင်ပေါ်မြို့၏ သဘာဝအလှကို ရသမြောက်စွာ တွေ့ရသည်။ လတ်ဆတ်သည့်လေကို တဝကြီး ရှူရသည်မှာ ရင်တွင်းကို သန့်စင်ပြီးသား ဖြစ်သွားသည်။**

နေရောင်လေးရင့်လာရင်ပဲ လက်ဖက်ခူးကြမည့် တိုင်းရင်းသူလေးများ ပလိုင်းလေးများလွယ်ပြီး လက်ဖက်ခင်းများဆီသို့ အစီအရီသွားနေကြသည်ကို တွေ့ရသည်။

ဒေသထွက်ကုန်အနေဖြင့် လက်ဖက်အပြင် တိုင်းရင်းဆေးဖက်ဝင် ငရုတ်ကောင်းနှင့် ငှက်ဖျားဖြတ်ဆေးပင် စင်ကိုနာပင်များကိုလည်း စိုက်ပျိုးကြကြောင်း သိရှိရသည်။ မြို့အနှံ့ရှုခင်းများကို ကြည့်ခဲ့သည်။ ကြည့်မဝနိုင်၊ ရှုမဝနိုင်အောင်ပင် ဖြစ်သည်။

ခရီးသွားဖော် ဦးမျိုးမြင့်လေးက ကလော၊ ပြင်ဦးလွင်တို့ကဲ့သို့ အေးမြသည့် ရာသီဥတုကို ရန်ကုန်နှင့်အနီးလေးမှာ

တည်းခိုရန် ရေ၊ မီး၊ တယ်လီဖုန်း၊ ဂြိုဟ်တုစလောင်းများ အပြည့်အစုံရှိနေ၍ လာရောက်တည်းခိုသူများ အပန်းဖြေ အနားယူဖို့ အလွန်ကောင်းလှသည်။ ဟိုတယ်ဇုန်များမှစီးပြီး မြို့ရှုခင်းကို ကြည့်ရသည်မှာ မြူနှင်းများကြားမှ တောင်ပေါ်မြို့၏ သဘာဝအလှကို ရသမြောက်စွာ တွေ့ရသည်။ လတ်ဆတ်သည့်လေကို တဝကြီး ရှူရသည်မှာ ရင်တွင်းကို သန့်စင်ပြီးသား ဖြစ်သွားသည်။

ရရှိနေတော့ မကြာခဏ လာဖြစ်တော့မည်ဟု ပြောသည်။ ပြီးနောက် တောင်စခန်းမြို့အကြောင်း သူရေးထားသည့် သီချင်း ဘယ်အချိန်ကပြီးသွားသည်မသိ သံစဉ်များထည့်၍ ဆိုပြသည်။ တေးသံရှင်တစ်ယောက်၏ တီးဝိုင်းမပါဘဲအနီးကပ်သီဆိုပြမှုကို ပထမဦးဆုံး နားဆင်ခဲ့ရခြင်းဖြစ်သည်။

မြို့ထဲကနေ ပြန်ထွက်ပြီး အလာတုန်းက မဝင်ရသေးသည့် ကျောက်တုံးဥယျာဉ်ကို ဝင်ကြည့်ခဲ့သည်။ သဘာဝကျောက်တုံးများနှင့် ရောင်စုံပန်းများကြောင့် စိတ်ကြည်နူးမှုကို ခံစားရသည်။

လမ်းပန်းဆက်သွယ်ရေး လုံခြုံကောင်းမွန်ပြီး အပန်းဖြေအနားယူချင်စရာ ကောင်းလှသည့် အေးမြသည့် တောင်စခန်းမြို့ သံတောင်သည် ရန်ကုန်နှင့် မဝေးလှဘဲ တည်ရှိနေသည်။ ရန်ကုန်နှင့် တောင်ငူက ၁၇၅ မိုင်၊ တောင်ငူကနေ သံတောင် တောင်စခန်းမြို့အထိက ၂၈ မိုင် သာရှိသည်။

ရာသီမရွေး အပန်းဖြေ အနားယူလိုသူများအတွက် တောင်စခန်းမြို့၏ အေးမြသည့် အပန်းဖြေအရသာကို တစ်ခေါက်တစ်ခါလောက်တော့ သွားရောက်ခံစားကြည့်ကြပါရန် ကိုယ်တွေ့ခံစားမှုကို မျှဝေ ရေးသားလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၅
(တနင်္လာနေ့)

- ၇း၀၀ အဖွင့် ယနေ့အစီအစဉ်
- ၇း၀၅ ယဉ်ကျေးမှုတက္ကသိုလ်
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ နိုင်ငံတကာသတင်း
- ၇း၃၀ UEFA Stories Euro 1972
- ၈း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅ တစ်ဇာ ပန်းတိုင်အထွက်နှုန်း ရရှိဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့
- ၈း၂၅ ပြည်တွင်းသတင်း
- ၈း၃၀ ဂီတဆည်းဆာတေးသံသာ
- ၉း၁၅ နိုင်ငံတကာသတင်း
- ၉း၂၀ Say It In English
- ၉း၃၀ ပြည်တွင်းသတင်း
- ၉း၃၅ မိုးလေဝသခန့်မှန်းချက်
- ၉း၄၀ တေးဂီတအစီအစဉ်
- ၉း၄၅ ကပ်တဲလ်ကြိုးတံတား
- ၉း၅၅ အခြေခံပန်းချီမိတ်ဆက်
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
- ၁၁း၀၀ အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝိုင်းဝန်း ကာကွယ်
မီးဘေးအန္တရာယ်

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်အဆင့်ဌာနဆိုင်ရာများတွေ့ဆုံ ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ဧပြီ၂၁ရက် နံနက် ၇နာရီတွင် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ ကျိုင်းတုံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ယု၊ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ပြည်နယ်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တိုးချဲ့စိုက်ပျိုး

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအေးသိန်းက ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မိုးစပါး ၂၄၀၀၇၁ ဧကနှင့် နွေစပါး ၂၀၀၉၃ ဧက စိုက်ပျိုးခဲ့ပြီး စပါးတင်းပေါင်း ၁၇၃သမ၂၈သန်း ထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအုန်းမြင့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၁၉၈၇-၁၉၈၈ခုနှစ်၌ စပါးစိုက်ပျိုးဧက၁၆၉၀၃၃ရှိရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း စပါးစိုက် ၂၄၀၁၇၁ ဧက အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ဧကလေးသိန်း ပြည့်မီရေးအတွက် ဆောင်ရွက်နေမှု၊ ရော်ဘာ ၂၅၀၄ ဧက စိုက်ပျိုးထားပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက၃၆၀၀ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး အဆင့် တိုးတက်ပြင်ဆင်ခြင်းလုပ်ငန်း၊ တာကော်-မိုင်းပျင်း-ကျိုင်းတုံလမ်းအပိုင်း ၁၁၄မိုင်အား အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ်စီမံကိန်းဦးစီးဌာနဦးစီးမှူး ဦးနေဝင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း စီမံကိန်းလျာထားချက်များနှင့် အသားတင်ထုတ်လုပ်မှု တန်ဖိုးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဒေသဝမ်းစာပိုလျှံ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မိုးစပါးစိုက်ဧက လေးသိန်းပြည့်မီရေးအတွက် စီမံကိန်းကာလအတွင်း ဖော်ထုတ်စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ရော်ဘာစိုက်ပျိုးရေးအတွက် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း လျာထားချက်ဧက ၂၃၀၀၀စိုက်ပျိုးနိုင်ရန် ရော်ဘာပျိုးပင် ၁၀သိန်း စုဆောင်းထားရှိမှုနှင့် ဒေသဝမ်းစာဖူလုံပိုလျှံမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ကျိုင်းတုံမြို့ မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်လိုက်ပါလျက် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့သို့ ရောက်ရှိပြီး ပုံပါကျင်မြို့နယ်ရုံးခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့အား ထောက်ပံ့ငွေများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ပုံပါကျင်မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ပုံပါကျင်မြို့မှ ဆက်လက်ထွက်ခွာလာကြပြီး ပုံပါကျင်-နားကောင်းမူ-မဲကင်-မိုင်းတုံ လမ်းကြောင်းတစ်လျှောက်ရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး မိုင်းတုံမြို့သို့ ရောက်ရှိကြရာ တပ်နယ်ခန်းမ၌ မိုင်းတုံတပ်နယ်ရှိ အရာရှိ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ စစ်သည်မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မိုင်းတုံမြို့အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် လိုက်ပါလျက် မိုင်းတုံမြို့မှ ဆက်လက်ထွက်ခွာရာ မိုင်းဆတ်မြို့သို့ ရောက်ရှိကြပြီး မိုင်းဆတ်မြို့ ခန်းမ၌ မိုင်းဆတ်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက မိုင်းဆတ်ခရိုင်၏ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးမှုအခြေအနေများနှင့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်စိုက်ပျိုးမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုနှင့် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲသို့တက်ရောက်လာသူများအား ရင်းနှီးစွာနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မိုင်းဆတ်တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

၂၄-၄-၂၀၀၅

မုံရွာ မကွေး မြင်းခြံ	၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ဒီဂရီဖာရင်ဟိုက်)
မန္တလေး ညောင်ဦး မင်းဘူး	၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ဒီဂရီဖာရင်ဟိုက်)
ကလေးဝ ရွှေဘို မိတ္ထီလာ ပျဉ်းမနား ရွှေကျင် ဘားအံ	၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

Follow Me နှင့် Secret အလှကုန် ကံထူးရှင်များရွေးချယ်

ရန်ကုန် ဧပြီ ၂၄

Ta-Fa Trading Co., Ltd.က ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me နှင့် Secret အလှကုန်သုံးစွဲကြသူများနှင့် ရောင်းချပေးသော ဆိုင်ကိုယ်စားလှယ်များအတွက် ကံထူးရှင်များရွေးချယ်ပွဲကို ယနေ့နံနက် ၁၀နာရီက Hotel Nikko Royal Lake ၌ ကျင်းပသည်။

အခမ်းအနားသို့ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် Ta-Fa Trading Co., Ltd. မှ Managing Director ဦးကျင်စိန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် တာဝန်ရှိသူတို့က Follow Me အလှကုန်ပစ္စည်းသစ်များကို တက်ရောက်လာကြသော ဧည့်သည်တော်များအား မိတ်ဆက်ပြသသည်။

ဆက်လက်၍ Follow Me Green Tea Shampoo အတွက် ကံထူးရှင်များ၊ အရောင်းကိုယ်စားလှယ်များထဲမှ ကံထူးသူများနှင့် ဝယ်ယူအားပေးကြသော သုံးစွဲသူများမှ ကံထူးရှင်များကို ရွေးချယ်ပေးပြီး Ta-Fa Trading Co., Ltd.မှ Executive Director ဦးထွန်းကြည်က ကျေးဇူးတင်စကားပြောကြားသည်။

ကံထူးရှင်များအား ဆုချီးမြှင့်ပွဲကို မေ ၇ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပ၍ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြု "သူရဲကောင်းများထွန်းကားသည်" ရုပ်မြင်သံကြားဇာတ်လမ်း မြဝတီရုပ်မြင်သံကြားမှ ထပ်မံထုတ်လွှင့်ပြသမည်

ရန်ကုန် ဧပြီ ၂၄

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **"သူရဲကောင်းများထွန်းကားသည်"** ရုပ်မြင်သံကြားဇာတ်လမ်းအား ပရိသတ်များ၏ တောင်းဆိုချက်အရ မြဝတီရုပ်မြင်သံကြားမှ အပိုင်းသုံးပိုင်းခွဲ၍ ဧပြီ၂၇ ရက်၊ ၂၈ရက်နှင့် ၂၉ရက်များတွင် ရုပ်မြင်သံကြားသတင်းများအပြီး၌ ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ ရုပ်မြင်သံကြားဇာတ်လမ်းကို ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်းရေးသား၍ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုး ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် အကယ်ဒမီကျော်သူ၊ အကယ်ဒမီဇင်ဝိုင်း၊ ထပ်ဆင့်အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထပ်ဆင့်အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာတို့နှင့် အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ရိုက်ကူးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြွေဆိုးများကို ပါးစပ်အတွင်းထည့်ပြသူ

ထိုင်းအမျိုးသမီးတစ်ဦးက မြွေများကို ပါးစပ်အတွင်း ထည့်ပြနေသည်ကို တွေ့ရစဉ်။ **(ယာပုံ)**

တရုတ်နိုင်ငံ အလယ်ပိုင်း ကျန်ရှုမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် မြွေဆိုးများကို ပါးစပ်အတွင်း အချိန်ကြာရှည်စွာ ထည့်သွင်းပြသနေလျက်ရှိရာ ယင်းပြသသူ အမျိုးသမီးနှစ်ဦးမှာ ထိုင်းနိုင်ငံမှဖြစ်ပြီး တရုတ်နိုင်ငံ မေဒေးနေ့ အလုပ်ပိတ်အကြိုအဖြစ် ပြသခြင်းဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လှပထူးဆန်းသည့်မီးအိမ်

တရုတ်နိုင်ငံလုပ် လက်ဆွဲမီးအိမ်တစ်လုံးကို ထူးဆန်းလှပစွာ တွေ့ရစဉ်။ **(ဝဲပုံ)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မြောက်ဘက် အီဆမ်မြို့တွင် ကျင်းပသော"ကမ္ဘာ့အလင်းပေးပစ္စည်းပြပွဲ ၂၀၀၅"ပြပွဲတွင် တရုတ်နိုင်ငံလုပ် လက်ဆွဲမီးအိမ်တစ်လုံးကို ပြသထားရာ ပုံစံဒီဇိုင်းဆန်းသစ်လှပပြီး ထူးဆန်းလျက်ရှိရာ ယင်းမီးအိမ်ကို အဆောက်အအုံများနှင့် ပွဲတော်များအတွင်း အလှချိတ်ဆွဲ အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ထားကြောင်း သိရသည်။ **(ရိုက်တာ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ ပဲခူးတိုင်း ကျောက်ကြီးမြို့ ဆုတောင်းပြည့် ပြည်လုံးချမ်းသာငါးထပ်ကြီး ရုပ်ရှင်တော်အား ဖူးမြော်ကန်တော့စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ စီးပွားရေးအခြေခံသည် စိုက်ပျိုးမွေးမြူရေးဖြစ် ဒေသနှင့်ကိုက်ညီမည့်သီးနှံများ တိုးချဲ့စိုက်ပျိုး

ရန်ကုန် ဧပြီ ၂၄

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၃ရက် နံနက်ပိုင်းက သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီးနောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ကျောက်ကြီးမြို့သို့ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းက ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ်၌ မိုးစပါးနှင့် နွေစပါးတိုးတက်စိုက်ပျိုးထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ကြံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်မှာ နယ်မြေအေးချမ်းတည်ငြိမ်ပြီး တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ်တွင် မူတည် ကြောင်း၊ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး၂၄ခု စီမံကိန်းနှင့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို ချမှတ်၍ ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကျောက်ကြီးမြို့နယ်မှ ဒေသခံများ အနေဖြင့် နယ်မြေဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ရေးအတွက် အေးချမ်းတည်ငြိမ်မှုရှိစေရန်နိုင်ငံတော်နှင့်လက်တွဲ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး အခြေခံသည် စိုက်ပျိုးမွေးမြူရေးဖြစ်ရာ အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်သုံးမျိုးနှင့် အမည်သစ်သီးနှံ သုံးမျိုးတို့အနက် ဒေသနှင့် ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုး၍ လည်းကောင်း၊ ဒေသကြက်မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍကို တိုးချဲ့၍လည်းကောင်း ဆောင်ရွက်မှ ဒေသစီးပွားရေး ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုတွင် ပါဝင်သည့် ပဲခူးတိုင်းအတွင်းရှိ ပဲခူး၊ ပြည်နှင့် တောင်ငူတို့တွင် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်၍ လည်းကောင်း၊ ပဲခူးတိုင်းအတွင်း အခြေခံပညာကျောင်းများအဆင့်မြှင့်ခြင်း၊တိုးချဲ့ခြင်းနှင့် ခေတ်မီနည်းပညာများ သင်ကြားရေးတို့ကို လည်းကောင်းဆောင်ရွက်၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောက်ကြီးမြို့နယ်သည် စစ်တောင်းမြစ်အရှေ့ခြမ်းတွင်တည်ရှိပြီး ဖွံ့ဖြိုးမှုနှေးကွေးနေသည့် မြို့နယ်တစ်ခုဖြစ်ရာ ဌာနဆိုင်ရာများသည် ဒေသခံပြည်သူများနှင့်လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးကို ယခုထက်ပိုမို တိုးတက်စေရန် တက်ညီလက်ညီဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေ၃နာရီတွင် ကျောက်ကြီးမြို့ နယ်မြေခံတပ်ရင်းရှိ စုဝေးခန်းမသို့ရောက်ရှိပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံ ပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ မိသားစုဝင်များ၏ ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပဲခူးတိုင်းကျောက်ကြီးမြို့ ကေလာသဘတောင်ပေါ်တွင် နရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော မြတ်စွာဘုရား ခြေဆေးကန်စေတီတော်သို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ရှင်သီဝလိ ရဟန္တာမြတ်၏ခြေတော်ရာကို ဖူးမြော်ကြည်ညိုကြပြီး ဆီမီး၊အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မြတ်စွာဘုရားခြေဆေးကန် စေတီတော်အား လှည့်လည်ကြည်ညိုကြပြီး စေတီတော် ပြုပြင်မွမ်းမံမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ငါးထပ်ကြီး ရုပ်ရှင်တော်အား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ **(သတင်းစဉ်)**

မြိတ်မြို့တွင်ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းဖွင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၁ရက် နံနက် ၈နာရီက မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ တနင်္သာရီတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူထုအတွင်း ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း သင်တန်းဌာနမှူး ဒေါက်တာအောင်ကျော်ထွဋ်က ကြက်ခြေနီအသင်းကြီး ဖြစ်ပေါ်လာပုံနှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဆွေဝင်းက သင်တန်းဖွင့်လှစ်ပို့ချမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းမှူးသည် သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး သင်တန်းအတွက် လိုအပ်သည့် စားသောက်ဖွယ်ရာများနှင့် ဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ တနင်္သာရီတိုင်းအတွင်းရှိ ရေဖြူ၊ ပုလော၊ ကျွန်းစု၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်များမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၃၀တက်ရောက်ကြပြီး သင်တန်းကို မေ၁ရက်ထိ ၁၁ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ၁နာရီခွဲက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စက်မှု(၁)မွေ့ရုံ၌ကျင်းပရာ ရှေးဦးစွာ တောင်သာမြို့နယ်အသင်း(ရန်ကုန်)သဘာပတိ ဒေါက်တာခင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက အမှာစကား ပြောကြားသည်။

ဂုဏ်ပြုငွေပေးအပ်

ယင်းနောက် ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းက သူရဲကောင်း ဗိုလ်ရာညွန့် အထူးပြုတွဲပြုစုကြသူပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးသန်းအောင်က အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်သည်။

ပညာရည်ချွန်ဆုပေး

ထို့နောက် ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့်မိသားစုများ၊ စေတနာရှင်အလှူရှင်များက တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် အောင်မြင်ကြသူ ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်သည်။

ဆက်လက်၍ တောင်သာမြို့နယ်အသင်း(ရန်ကုန်)နှင့် ပညာရေးရန်ပုံငွေအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၁၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၉၈၂)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် နှစ်ကျိပ်ရှစ်ဆူ သိမ်တန် ဆောင်း ကြီး ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို မဟာမုနိဓမ္မာရုံတွင် ဧပြီ၁၈ရက်က ကျင်း ပ ရာ မြောက်ဒဂုံမြို့နယ် တော် ဝင် အိမ် ရာ တိုက်အမှတ် (၂၂) အခန်းအမှတ် ၁၇ နေ ဦးအေးကျော်–ဒေါ်လှမြင့် မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းကို ဂေါပကအဖွဲ့ဝင် ဦးကျော်ငြိမ်းထံ ပေးအပ်စဉ်။ (၂၀၀)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ယနေ့ပြန်လည်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ဧပြီ ၁၁ရက်ပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားထားခဲ့ရာမှ ဧပြီ ၂၅ရက်**(ယနေ့)**ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ ပြန်လည်ကျင်းပမည်ဖြစ်သည်။

လက်ကျန်ပွဲစဉ်

ပွဲစဉ်ရေးဆွဲထားမှုအရ ဧပြီ ၂၅ရက်**(ယနေ့)**၌ အောင်ဆန်းကွင်းတွင် လယ်ယာထွက်ကုန်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ ပဒေသာကွင်းတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် တံခွန်အသင်း၊ ဧပြီ ၂၆ရက်၌ အောင်ဆန်းကွင်းတွင် စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်း၊ ပဒေသာကွင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်း၊ ဧပြီ ၂၇ရက်၌ အောင်ဆန်းကွင်းတွင် ကမ္ဘောဇအသင်းနှင့် ပို့ဆောင်ရေးအသင်း၊ ပဒေသာကွင်းတွင် တပ်မတော်(ကြည်း)အသင်းနှင့် တံခွန်အသင်း၊ ဧပြီ ၂၈ရက်၌ အောင်ဆန်းကွင်းတွင် မလိခအသင်းနှင့် ပြည်ထဲရေးအသင်း၊ ဧပြီ ၂၉ရက်၌ အောင်ဆန်းကွင်းတွင် ဘဏ္ဍာ/အခွန်အသင်းနှင့်သစ်တောရေးရာအသင်း၊ ဧပြီ ၃၀ရက်၌ အောင်ဆန်းကွင်းတွင် ဆောက်လုပ်ရေးအသင်းနှင့် မြို့တော်စည်ပင်အသင်း၊ မေ ၂ရက်၌ အောင်ဆန်းကွင်းတွင် ပြည်ထဲရေးအသင်းနှင့် တပ်မတော်(ကြည်း)အသင်း၊ မေ ၃ရက်၌ အောင်ဆန်းကွင်းတွင် ဘဏ္ဍာ/ အခွန်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ မေ ၄ရက်၌ အောင်ဆန်းကွင်းတွင် လယ်ယာ/ဆည်မြောင်းအသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ မေ ၇ ရက်၌ အောင်ဆန်းကွင်းတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ မေ ၁၁ရက်၌ အောင်ဆန်းကွင်းတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

အမှတ်ရရှိမှု

ဧပြီ ၁၁ရက် ပွဲစဉ်များအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၀ပွဲကစား အမှတ် ၃၀၊ စီးပွား/ကူးသန်းအသင်းက ၁၂ပွဲကစား အမှတ် ၃၀၊ သစ်တောရေးရာအသင်းက ၁၃ပွဲကစား ၂၉မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၃ပွဲကစား ၂၆မှတ်၊ မြို့တော်စည်ပင်အသင်းက ၁၃ပွဲကစား ၂၆မှတ်၊ ပို့ဆောင်ရေးအသင်းက ၁၂ပွဲကစား ၂၃ မှတ်၊ ဆောက်လုပ်ရေးအသင်းက ၁၂ ပွဲကစား ၂၂မှတ်၊ တံခွန်အသင်းက ၁၃ပွဲကစား အမှတ် ၂၀၊ စွမ်းအင်အသင်းက ၁၃ပွဲကစား ၁၈မှတ်၊ လယ်ယာထွက်ကုန်အသင်းက ၁၃ ပွဲကစား ၁၇မှတ်၊ ကမ္ဘောဇအသင်းက ၁၄ပွဲကစား ၁၃မှတ်၊ ပြည်ထဲရေး အသင်းက ၁၃ပွဲကစား ၁၁မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၃ပွဲ ကစား ခုနစ်မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၂ပွဲကစား ခြောက်မှတ်၊ မလိခအသင်းက ၁၃ပွဲကစား သုံးမှတ်ရရှိထားကြသည်။

(မြန်မာ့အလင်း)

ပရီမီယာလိဂ်ပွဲစဉ်(၃၅)ဆက်လက်ယှဉ်ပြိုင် ဆောက်သမ်တန် အတန်းဆင်းရဖွယ်ရှိ

ရန်ကုန် ဧပြီ ၂၄

ပရီမီယာလိဂ်ပွဲစဉ်(၃၅)ကို ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပို့စ်မောက်အသင်းက ဆောက်သမ်တန်အသင်းကိုလေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသဖြင့် ဆောက်သမ်တန်အသင်း ပထမတန်းဆင်းရမည့် အနေအထားဖြစ်သွားသည်။

ပို့စ်မောက်နိုင်

ပို့စ်မောက်အသင်းအတွက် ယာကူဘူက ပွဲချိန် ၄မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ပထမဂိုး၊ ဒီဇူးက ၁၇မိနစ်၌ ဒုတိယဂိုး သွင်းယူပေးသည်။ ဆောက်သမ်တန်အသင်းအတွက် ကာမာရာက မိနစ်၂၀၌ ချေပဂိုးတစ်ဂိုးသွင်းယူ သော်လည်း ပို့စ်မောက်အသင်းအတွက် လွာလွာက ၂၂မိနစ်တွင် တတိယဂိုးနှင့် ၂၇မိနစ်တွင် စတုတ္ထဂိုးသွင်းယူပေးသဖြင့် ပွဲအပြီးတွင် လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်း ဖြစ်သည်။

အမှတ်ပေးဇယား အောက်ဆုံး၌ ရပ်တည်နေသော ဆောက်သမ်တန်အသင်းသည် ယခုပွဲ ရှုံးနိမ့်သွား၍ ပထမတန်းဆင်းရန် သေချာသလောက်ဖြစ်သွားသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် နယူးကာဆယ်အသင်းတို့၏ ပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(မြန်မာ့အလင်း)**

အီတလီစီးရီးအေပွဲစဉ်(၃၃) တနင်္ဂနွေနေ့အနိုင်အရှုံး

ရန်ကုန် ဧပြီ ၂၄

အတ္တလန္တာ	**၁ – ၀**	**ပါလာမို**
ဘိုလော့ဂ်နာ	**၀ – ၀**	**ဖီအိုရင်တီးနား**
ဘရက်စီယာ	**၂ – ၀**	**ရက်ဂျီးနား**
ချီယေးဗို	**၁ – ၁**	**ကာဂလီယာရီ**
လီဗော်နို	**၁ – ၀**	**လေချီ**
မက်ဆီနာ	**၂ – ၁**	**အင်တာမီလန်**
ဆမ်ဒိုးရီးယား	**၂ – ၁**	**ရိုးမား**
အေစီမီလန်	**၃ – ၀**	**ပါးမား**
ဆီနာ	**၂ – ၃**	**အူဒီးနိစ်**

(မြန်မာ့အလင်း)

ရန်ကင်းမြို့နယ် စာပေသုတဆွေးနွေး

ရန်ကုန် ဧပြီ ၂၄

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ မြို့နယ်စာပေအဖွဲ့ဝင်များ စာပေသုတဆွေးနွေးပွဲကို တစ်လလျှင်နှစ်ကြိမ် ကျင်းပလျက်ရှိရာ သတ္တမအကြိမ် စာပေသုတဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီက ရန်ကင်းတိုက် ၁၂လုံးတန်း သဒ္ဓမ္မဘာဝိတဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ထယ်(ထီလာစိုးမြင့်ထယ်)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးလှတိုး(တိုးတက်)က ဆွေးနွေးဟောပြောမည့် အစီအစဉ်များကို တင်ပြသည်။ ဆက်လက်၍ သတင်းစာဆရာများဖြစ်ကြသော ဦးအောင်ရွှေဦး(အောင်နာဂ)၊ ဦးဆွေသန့်ကို(ဆွေသန့်ကို)၊ စာရေးဆရာများဖြစ်ကြသော ဦးစိုးမြင့်ထယ်(ထီလာစိုးမြင့်ထယ်)နှင့် ဦးခင်မောင်ရင်(ခင်မောင်ရင်)တို့က ဘဝနှင့်ဆက်နွှယ်သည့် စာပေဗဟုသုတများ ဆွေးနွေးဟောပြောကြသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

လီဗာပူးရှုံးပွဲကြုံပြီး လာမည့်ဘောလုံးရာသီချန်ပီယံလိဂ်ပွဲ နွှဲရေးမှေးမှိန် မစ်ဒယ်ဘရော့အိမ်ကွင်း၌ ဝက်စ်ဘရွန်းကို လေးဂိုးပြတ်သွင်းပြီးအနိုင်ယူ

လန်ဒန် ဧပြီ ၂၄

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၄)နှင့်(၃၅)တို့ကို ဧပြီ၂၃ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ခရစ္စတယ်ပဲလေ့စ်က လီဗာပူးကို တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ဘလက်ဘန်းနှင့်မန်စီးတီးတို့ ဂိုးမရှိသရေပွဲဖြစ်ကာ မစ်ဒယ်ဘရော့က အိမ်ကွင်းတွင် ဝက်စ်ဘရွန်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် လီဗာပူးတို့ လာမည့်ဘောလုံးရာသီချန်ပီယံလိဂ်ပွဲနွှဲရန်အလားအလာ မှေးမှိန်သလို ဖြစ်ခဲ့ရပြီဖြစ်သည်။

လီဗာပူးရှုံး

အတန်းမဆင်းရရေး အသည်းအသန် ရုန်းကန်ကြိုးစားနေရသော ခရစ္စတယ်ပဲလေ့စ်ကို လီဗာပူးတို့အနိုင်မကစားနိုင်ခဲ့ပေ။ ပရီမီယာလိဂ်တွင် ယခုနှစ်၌ ပုံမှန်ခြေစွမ်းတည်ငြိမ်မှုမရှိသည့် လီဗာပူးသည်ယခုအချိန်အထိ အဝေးကွင်း ၁၈ပွဲကစားခဲ့ရာတွင် ငါးပွဲသာနိုင်ပြီး သုံးပွဲသရေကျကာ ၁၀ပွဲရှုံးခဲ့ရပြီးဖြစ်သည်။

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်(၃၅)အဖြစ် ဘလက်ဘန်းနှင့်မန်စီးတီးတို့ပွဲတွင် မန်စီးတီးမှ ရေးနာ(ဝဲ)ထိုးဖောက်ကစားမှုကို ဘလက်ဘန်းမှ စတီဗင်ရိဒ် ဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လာမည့်ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲဝင်နွှဲနိုင်ရန် အပြိုင်ဖြစ်နေသော အဲဗာတန်ကို ကျော်ဖြတ်နိုင်ရေး ပွဲတိုင်းရလဒ်ကောင်းမှ ဖြစ်မည်ဖြစ်ရာ ယခုပွဲတွင် မိုရီယင်တေးစ်၊ လီတဲလက်၊ ဘားရို့စ်စသည့် တိုက်စစ်မှူးများကို ဂျရတ်နှင့်ဂျွန်ဝေါ်ရ်တို့ကပါ တိုက်စစ်အားဖြည့် လိုက်ပါကစားခဲ့သော်လည်း ဂိုးရအောင်မသွင်းနိုင်ခဲ့ပေ။

ပထမပိုင်းပွဲချိန်အတွင်း မီလန်ဘားရို့စ် အခွင့်ကောင်းများရရှိသည်ကို အပြည့်အဝအသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရဘဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်းပွဲချိန် ၃၅မိနစ်တွင် ညာခြမ်းမှ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ခရစ္စတယ်ပဲလေ့စ် တိုက်စစ်မှူးအင်ဒရူးဂျွန်ဆင်က ပြေးဝင်ခေါင်းတိုက်သွင်းယူသွားခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ချေပဂိုးရရှိရေး လီဗာပူးတို့ အပြင်းအထန် ကြိုးစားသော်လည်း ခရစ္စတယ်ပဲလေ့စ် တိုက်စစ်မှူးများ၏ ထိုးဖောက်ဂိုးသွင်းမှုလောက် ထိရောက်မှုမရှိခဲ့ပေ။ ခရစ္စတယ်ပဲလေ့စ် တိုက်စစ်မှူးများ ဂိုးထပ်မံရရှိရေးကြိုးစားသော်လည်း လီဗာပူးဂိုးသမား ဒူဒက် ကာကွယ်နိုင်မှုကြောင့် ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။

လီဗာပူးသည် ယခုပွဲရှုံးနိမ့်ခဲ့ဖြင့် တန်းစီဇယားတွင် အဆင့်ငါးနေရာတွင် ရပ်တည်နေပြီး စတုတ္ထနေရာမှ အဲဗာတန်နှင့် လေးမှတ်ကွာခြားသွားပြီဖြစ်သည်။ ထို့အတူ ခရစ္စတယ်ပဲလေ့စ်ကလည်း ယခုပွဲ အနိုင်ရရှိသဖြင့် တန်းဆင်းဇုန်အပေါ်နားကို တက်လာနိုင်ခဲ့သည်။

မစ်ဒယ်ဘရော့ဂိုးပြတ်သွင်း

အိမ်ကွင်းရလဒ်ကောင်းပြီး ခြေစွာသော မစ်ဒယ်ဘရော့တို့ မိမိကွင်းရေးဗားဆိုဒ်တွင် တန်းဆင်းဇုန်အတွင်းရောက်နေသော ဝက်စ်ဘရွန်းကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူနိုင်ခဲ့သည်။ ပွဲစတင်ကတည်းက အဝင်အထွက်ရဲရဲဖြင့် ထိုးဖောက်ကစားသည့် မစ်ဒယ်ဘရော့တို့ မနားတမ်းတိုက်စစ်ဆင်မှုကြောင့် ၂၇မိနစ်နှင့် ၃၇မိနစ်တို့တွင် တိုက်စစ်မှူးနီမက်က နှစ်ဂိုးသွင်းယူပြီး ၃၃မိနစ်တွင်ဟက်ဆယ်ဘိန့်က ဝက်စ်ဘရွန်းနောက်တန်းကို ကျော်ဖြတ်ပြီး အနီးကပ်သွင်းယူခဲ့သဖြင့် တစ်ဂိုးနှင့် ပွဲချိန်အပြီး အစားထိုးလေလွှင့်ချိန်တွင်

ကြိုးစား

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်(၃၄)အ ဖြစ် မစ် ဒယ်ဘရော့နှင့် ဝက်စ်ဘ ရွန်း တို့ ပွဲ တွင် ဝက်စ်ဘရွန်းမှ ရွှန်နေနှင့် မစ်ဒယ်ဘရော့မှ ဖ ရင့် ကူ ယူ ဒူ ရီ တို့ ဘောလုံး ရရှိရေး ကြိုးစားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒေါင်းနင်းက အလွတ်တည်ကန်သောမှတစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ လေးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး တန်းစီဇယား၌ အဆင့်ခုနစ်နေရာတွင် ရှိနေသည်။

မန်စီးတီးသရေကျ

ပရီမီယာလိဂ် အသင်းကြီးများကို အနိုင်ကစားပြီး ဒုက္ခပေးနိုင်သည့် မန်စီးတီးတို့ အဝေးကွင်းရလဒ်မကောင်းသည်ဖြစ်ရာ ဘလက်ဘန်းကွင်း အိဝုဒ်ပက်၌ ဂိုးမရှိသရေပွဲဖြစ်ခဲ့ရပြန်သည်။ မန်စီးတီးတိုက်စစ်မှူးဖောင်လာ ကိုက် ၂၀အကွာမှ အပြင်းကန်သွင်းမှုမှာ ဂိုးဘားပေါ်ကျော်သွားခဲ့သဖြင့် ဂိုးရရှိရေး နစ်နာခဲ့ရသလို ဘလက်ဘန်းမှ ပီဒါဆင်ကန်သွင်းမှုကို မန်စီးတီး ဂိုးသမား ဒေးဗစ်ဂျိမ်း ကာကွယ်နိုင်ခဲ့သည်။ မန်စီးတီးတိုက်စစ်မှူးများဖြစ်သည့် ဖိလစ်၊ ဆီဘီယာစကီတို့လည်း ဂိုးသွင်းစွမ်းရည်ကျဆင်းပြီး ဂိုးပေါက်ပျောက်လျက်ရှိရာ ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ ဂိုးမရှိသရေပွဲဖြစ်ခဲ့သဖြင့် မန်စီးတီးတို့ တန်းစီဇယား၌ အဆင့်၁၀နေရာတွင် ရှိနေဆဲ ဖြစ်သည်။

အဲဗာတန်သရေကျ

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၃၄)အဖြစ် အဲဗာတန်နှင့်ဘာမင်ဂမ်တို့ပွဲလည်း အဲဗာတန်တို့အိမ်ကွင်း၌ ကံကောင်းစွာဖြင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ ဧည့်သည်ဘာမင်ဂမ်တိုက်စစ်မှူးပင်းနန့် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဟက်စကီးက ၂၅ကိုက်အကွာ မနားတမ်းကန်သွင်းယူခဲ့သဖြင့် ပွဲအစ ငါးမိနစ်မှာပင် ဘာမင်ဂမ်တို့ အဖွင့်ဂိုး စောစီးစွာ ရရှိခဲ့သည်။ အဲဗာတန်တို့ ချေပဂိုး ရရှိရေး တစ်ချိန်လုံး ကြိုးစားသော်လည်း ဘာမင်ဂမ်တို့က စုစုစည်းစည်း ဟန့်တားကစားခဲ့သဖြင့် ဂိုးသွင်းခွင့်မရဘဲရှိရာမှ ၈၆ မိနစ်ရောက်မှသာ အဲဗာတန်တိုက်စစ်မှူး ဖာဂူဆန်က ချေပဂိုးသွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

အဲဗာတန်တို့ ယခုပွဲသရေကျပြီး တစ်မှတ်ယူနိုင်ခဲ့ရာ ပဥ္စမနေရာတွင် ရှိနေသော လီဗာပူးနှင့်လေးမှတ်ကွာသွားခဲ့ပြီဖြစ်ပြီး လာမည့်ချန်ပီယံလိဂ် ဘောလုံးရာသီတွင် ဝင်ရောက်ကစားရန် မျှော်မှန်းနိုင်ပြီဖြစ်သည်။

(အင်တာနက်)

နွေရာသီ ယမိုက်-ပဌာန်း အထူးသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၄

(၁၄)ကြိမ်မြောက် နွေရာသီ ယမိုက် -ပဌာန်း အထူးသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် အာဟာရ ဒါရီ နှစ်ထပ်ဆွမ်းစားကျောင်း၌ ကျင်းပရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဓမ္မစကြာဝတ် အသင်းများနှင့် သင်တန်းသား သံဃာတော်အပါး ၅၀၀၊သီလရှင် အပါး ၅၀၊ လူပုဂ္ဂိုလ် ငါးဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသက ရှစ်ပါးသီလ ချီးမြှင့်တော်မူ၍ သင်တန်း နည်းပြ ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသက လှူဖွယ် ဝတ္ထုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေသည်။ သင်တန်း ကာလမှာ ယနေ့မှ မေ ၂၉ရက် အထိ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာ သုဝဏ္ဏမဏ္ဍလကုန်းတော်ပေါ်ရှိ မဟာဝိဇယရံသီစေတီတော်မြတ်ကြီး ရွှေထီးတော်၊စိန်ဖူးတော်၊ငှက်မြတ်နားတော်အသစ်တင်လှူပူဇော်ပွဲ

မင်္ဂလာအခမ်းအနားဖိတ်ကြားလွှာ

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာ သုဝဏ္ဏမဏ္ဍလကုန်းတော်၌ တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် မဟာဝိဇယရံသီစေတီတော်မြတ်အား ရဟန်းရှင်လူပြည်သူအပေါင်းစုပေါင်းကာ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်ပြီးမြောက်ခဲ့သောကြောင့် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် အသစ်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ထီးတော်တင်လှူပူဇော်မည့်နေ့ ။ ။ ၁၃၆၇ခု တန်ခူးလပြည့်ကျော် ၅ ရက်မှ ၉ ရက်အထိ (၂၇-၄-၂၀၀၅ မှ ၂-၅-၂၀၀၅)အထိ

မင်္ဂလာအခမ်းအနားနေ့ရက် ။ ။ ၁၃၆၇ခု တန်ခူးလပြည့်ကျော် ၉ရက် (၂-၅-၂၀၀၅ရက်)

ရွှေထီးတော် မတည်အလှူဒါယကာ ရွှေသံလွင်ကုမ္ပဏီနှင့်
ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီ
ဘုရားကြီးစံပြကျေးရွာ၊ပဲခူးမြို့နယ်။

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ် ၃၆၀၊ အခန်းအမှတ် ၁၈ နေ (ဦးမင်းယုနိုင်)-ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်လွှမ်းဟာတို့၏သားကြီး၊ အမှတ် ၁၂၅၊ ၃၁လမ်းနေ ဒေါ်လှမြင့်၏တူသား

ဒေါက်တာမင်းစိုးအောင်

M.B.,B.S (Ygn)
M.B.A (Ygn)., M.B.A (Nanyang Fellows), Singapore
M.D (Part I), New York

နှင့်

အမေရိကန်ပြည်ထောင်စု၊ New York မြို့၊ Queens County, Woodside နေ ဒေါက်တာမျိုးအောင် (Dept. of Environmental Protection, New York City)- ဒေါ်ခင်မြင့်ဝေတို့၏သမီးကြီး

မဝေကလျာအောင်

B.T (Telecom Engineering), New York
M.S (Computer Science) Part II, New York
System Administrator, MTA-New York City Transit

တို့၏ ၂၄-၄-၂၀၀၅ရက် နံနက်ခင်းတွင် ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအလှူဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ၂၄-၄-၂၀၀၅ရက် ညနေခင်းတွင် New Yorkမြို့ East Buffet Restaurant တွင်ကျင်းပသော မင်္ဂလာညစာခံပွဲတွင် မင်္ဂလာသြဝါဒစကား ပြောကြားပေးသော သမားတော်ကြီး ဒေါက်တာတင်ဇော်လွင်၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာမြတ်မွန်ခ၊ အဘက်ဘက်မှ အထူးဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ဒေါက်တာခင်ကျော်၊ ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာအေးအေးသန်း၊ မင်္ဂလာဦးဆွမ်းကျွေးအလှူ (ရန်ကုန်)နှင့် မင်္ဂလာညစာခံပွဲ New York သို့ တက်ရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
ဒေါက်တာမင်းစိုးအောင်-မဝေကလျာအောင်။

တိမ်ဖြစ်ထွန်း

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

မိုးထစ်ချုန်းရွာမွယ်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၅)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ် (၂၅)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ ကမ္ဘာတွင် မျိုးတုံးလုဖြစ်နေသည့် ဆောင်းခိုဝန်လက်ငှက် မြန်မာပြည်မြောက်ဖျားတွင်တွေ့၊ MRTV-4 ရုပ်သံဖမ်းစက်များ ဈေးကွက်တင်ရောင်းချတော့မည်၊ အိပ်မက်လေ့ဂျာမန်ရုပ်သံဇာတ်လမ်းတွဲ မြန်မာနိုင်ငံတွင် လာရောက်ရိုက်ကူး၊ လိုင်စင်မဲ့ မော်တော်ယာဉ်စီးရေ တစ်သောင်း လေးထောင်ကျော် သိမ်းဆည်းရမိ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာ ဖြင့် ထွက်ရှိနေသည်။

ဒင်းဆမ်း ကြိုက်သူတွေ သတိထား လွန်ကဲစွာ စားသုံးပါက အဝလွန်ရောဂါနှင့် နာတာရှည်ရောဂါဖြစ်စေနိုင်၊ ဆူနာမီဒဏ်ခံ အာချေးပြည်နယ်တွင် ကနစိုတော ပြန်လည်ထူထောင်၊ ဟယ်ရီမင်းသားလေး အခြေခံ ကွန်ပျူတာစာမေးပွဲကျ၊ ကမ်းခြေမြေနေရာဖော်ထုတ်ရေး အင်ဒိုနီးရှားက သဲအရောင်းရပ်လိုက်သဖြင့် စင်ကာပူ အခက်ကြုံတွေ့ စသည့် နိုင်ငံသကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀က တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)



အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှင့် တိုင်းရင်းဆေး

မြန်မာနိုင်ငံတွင် နွေ၊မိုး၊ဆောင်းဟူ၍ ရာသီဥတု သုံးမျိုးရှိသည့်အနက် နွေရာသီမှာ တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ လေးလတာ ကာလမျှကြာမြင့်သည်။ ထို့ကြောင့် ယခုနှစ်၂၀၀၅ခုနှစ်အတွက် မတ်လ ၂၅ ရက်(တပေါင်းလပြည့်ကျော်တစ်ရက်)မှ ဇူလိုင်လ ၂၀ ရက်(ဝါဆိုလပြည့်နေ့)တို့သည် နွေရာသီကာလဟု ဆိုနိုင်ပေသည်။

ဥတုဟူသည်တစ်နှစ်တာအချိန်ကို အပူ၊ အအေးနှင့် စွတ်စိုမှုကိုလိုက်၍ သုံးပိုင်းပိုင်းကာ နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ ကာလသုံးခု ခွဲခြင်းဖြစ်သည်။ ဥတုကို ရှေးယခင်က လေးလစီ အညီအမျှပိုင်းခြားသော်လည်း ယခုမူ မိုးလေဝသနှင့် ဇလဗေဒပညာရှင်တို့က မိုးဥတုကို အနောက်တောင် မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့(ယေဘုယျအားဖြင့် မြန်မာနိုင်ငံသည် မေ ၂၀ ရက်တွင် တနင်္သာရီတိုင်း၊ မေ ၂၅ ရက်တွင် အောက်မြန်မာပြည်နှင့် ဇွန် ၁ရက်တွင် အထက်မြန်မာပြည်သို့ စတင်ဝင်ရောက်သည်) မှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ကာလကိုသာ မိုးဥတုဟူ၍ သတ်မှတ်ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံအဖို့ နွေရာသီ၏ အပူရှိန်မြင့်မားနိုင်သောကာလမှာ မတ်လနောက်ဆုံးအပတ်မှ မေလကုန်အထိ ဖြစ်နိုင်ဖွယ်ရာရှိနေသည်။

ထိုကဲ့သို့ နွေရာသီသို့ ရောက်လာချိန်တွင် ရာသီဥတု ပူပြင်းလာပြီဖြစ်၍ အပူရှိန်၊ အပူဒဏ်သည်လည်း မြင့်တက်လာနိုင်သည်။ အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားလာရသည်။ ထိုသို့ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်ကို စိုးရိမ်ရသော အခြေအနေအထိ ဖြစ်ပေါ်တတ်ပေသည်။

ထို့ကြောင့်လည်း **ကျန်းမာရေးဝန်ကြီးဌာန**သည် ပြည်သူတို့ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် **"အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်"**ကို ပြန်ကြားရေးဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြား အသံလွှင့်ဌာနတို့မှတစ်ဆင့် ထုတ်ပြန်သတိပေးလျက် ရှိသည်။ မိဘပြည်သူတို့ကလည်း **"ဥစ္စာရင်လို ဥစ္စာရင်ခဲ"** ဆိုစကားအတိုင်း သတိပြုလိုက်နာကျင့်သုံးခြင်းဖြင့် မိမိတို့၏အသက်ဘေးအန္တရာယ်ကို ကာကွယ်မှု ပြုကြရန် လိုအပ်ပေသည်။

ရှေးမြန်မာလူကြီးတို့က **"ရေချိုးမှားလို့ သေတာပဲရှိတယ်၊ ရေမချိုးလို့ သေတာမရှိ"** ဟူသော ဆိုရိုးစကား ရှိခဲ့ဖူးသည်။ ထို့ကြောင့် နံနက် ၁၀နာရီမှ ညနေ၅နာရီအတွင်း နေအပူရှိန် ပြင်းထန်သောအချိန်တွင် လွင်တီးခေါင် ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်ကြရမည်။ ထိုအချိန်များတွင် အရိပ်ရပြီး အေးမြသော နေရာများတွင် နေရမည်။

ထို့ပြင် နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှလည်း ရှောင်ကြဉ်ရမည်။

"ရေဘူးနှင့်ဖိနပ်မပါ နွေခါမှသိ၊ ဒါနနဲ့ သီလမပါ သေခါမှသိ" ဆိုစကားကဲ့သို့ နွေရာသီတွင် နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းကြရမည်။ အလင်းရောင်ပြန်သောအဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ ချည်ထည်များကို ဝတ်ဆင်သင့်သည်။ ပွပွချောင်ချောင် ချည်ထည်များကိုသာ ဝတ်ဆင်သင့်သည်။ အနက်ရောင်ကဲ့သို့သော အရောင်ရင့်ရင့်တို့သည် အပူကို စုပ်ယူထားနိုင်သဖြင့် ကျန်းမာရေးနှင့် မညီညွတ်ပါ။ သတိပြုကြရမည်။

နွေရာသီတွင် ပြင်ပဗဟိဒ္ဓသည် တေဇောဓာတ်နှင့် ဝါယောဓာတ်များ လွန်ကဲလွှမ်းမိုးနေပါသဖြင့် နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။ ခန္ဓာကိုယ်အတွင်း တေဇောဓာတ်၊ ဝါယောဓာတ်များ ပွားများလာအောင် မပြုလုပ်သင့်ပါ။

အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်သည်။ အရက်သည် တေဇော၊ ဝါယောဓာတ် လွန်ကဲသောအာဟာရ ဖြစ်သဖြင့် ဥတုသည်လည်း တေဇော၊ ဝါယောဓာတ် လွန်ကဲနေခြင်းကြောင့် အဇ္ဈတ္တနှင့် ဗဟိဒ္ဓ၌ တေဇော၊ ဝါယောလွန်ကဲသော ဓာတ်များပေါင်းစုသွားပါက အသက်အန္တရာယ်ကို ဖြစ်ပေါ်စေသည်။

အပူဒဏ်ကြောင့် နုနယ်သော ကလေးသူငယ်များနှင့် အိုမင်းရင့်ရော်သော သက်ကြီးရွယ်အိုများ အပါအဝင် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါရှိသူများတို့အနေဖြင့် အသက်အန္တရာယ်ရှိလာနိုင်သည်။ ထို့ကြောင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာများ၌ နားနားနေနေ နေစေသင့်သည်။

ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန်အတွက် ဓာတ်ဆားရည် သောက်ရမည်။ ဓာတ်ဆားရည်မရရှိနိုင်ပါက အုန်းစိမ်းရည်ကို သောက်နိုင်သည်။ ကိုယ်အပူရှိန် တက်ပါက ရေအေးဖတ်နိုင်နိုင် တိုက်ပေးရမည်။

အပူရှိန်ကြောင့် ခန္ဓာကိုယ်တွင် မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပေးရမည်။ ကျန်းမာရေး

စိုးအောင်(တိုင်းရင်းဆေးသိပ္ပံ)

ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ တိုင်းရင်းဆေးအမှတ် ၄၃ (အကင်းဆယ်ပါးဆေး)ကိုလည်း လိမ်းပေးလိုပါက လိမ်းပေးနိုင်သည်။

တိုင်းရင်းဆေးပညာ အလိုအရ နွေရာသီသည် ပူသော(ဥဏှ)ဥတုဖြစ်ပြီး၊ တေဇောဓာတ်နှင့် ဝါယောဓာတ်လွန်ကဲသော အချိန်ကာလဖြစ်၏။ ထို့ကြောင့် ယားယံခြင်း၊ အဖုအပိမ့်ထွက်ခြင်း၊ ချွေးထွက်ခြင်း၊ မောပန်းလွယ်ခြင်း၊ ဆီးနည်းခြင်း၊ ဝမ်းသက်ခြင်းတို့ ဖြစ်ပေါ်တတ်သည်။

အကင်းဆယ်ပါးဆေးသည် အသားယားခြင်း၊ အင်ပျဉ်ထ၍ အဖုအပိမ့်ထွက်ခြင်း၊ မိတ်ထွက်ခြင်းတို့ကို သနပ်ခါးသွေးရည်နှင့်ရော၍ ပါးပါးကျဲကျဲ

> **အပူဒဏ်ကြောင့် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်လာသောအချိန်တွင် ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်ကို စားပေးနိုင်သည်။ ထို့ပြင် ဖီးကြမ်းငှက်ပျောသီး မှည့်မှည့်ကို စပျစ်သီးမှည့်ရောပြီး ဖျော်ရည်ပြုလုပ်၍ သောက်ပေးပါက တစ်ခဏချင်း လန်းဆန်းလာစေသည်။**

မကြာခဏလိမ်းပေးပါက သက်သာစေသည်။ ခန္ဓာကိုယ်အတွင်းရှိ အပူခိုး၊ အပုပ်ခိုးများကို ပြင်ပသို့ ထွက်စေသည်။ အခိုးပွင့်စေသည်။

နွေရာသီ၌ ပူအိုက်တတ်သူများ၊ အိုက်၍ အိပ်မရဖြစ်သူများ၊ အကင်းဆယ်ပါးဆေးကို သနပ်ခါးရည် ကျဲကျဲနှင့်ရော၍ တစ်ကိုယ်လုံးလိမ်းပေးပါ။ သနပ်ခါးမရလျှင် ဆေးကို ရေနှင့်ဖျော်၍လည်း လိမ်းနိုင်သည်။ ခန္ဓာကိုယ်ကို သိသာစွာ အေးမြစေသည်။ အသားအရည်ကို အေးမြစေသည်။

အပူရှိန်ကြောင့် မျက်ရိုးကိုက်ခြင်း၊ ခေါင်းအုံခြင်း၊ ဇက်ကြောထိုးခြင်းဖြစ်နေသူများ၊ သွေးတိုးတက်နေသူများ၊ အကြောတက် အအေးမိသူများအတွက် အကင်းဆယ်ပါး ဆေးမှုန့်ကို မီးသွေးခဲပေါ်သို့ ဖြူး၍ ရှူပေးပါ။ ရှူဆေးအဖြစ်လည်း အသုံးပြုနိုင်သည်။ ဆေးမှိုင်းငွေ့ကို ရှူရာတွင် နှာခေါင်းရိုးထဲသို့ ဝင်အောင်ရှူပေးပါက မျက်ရည်များကျလာပြီး ဖော်ပြပါလက္ခဏာများ သက်သာပျောက်ကင်းသွားစေသည်။

အပူဒဏ်ကို သက်သာလျော့ပါးစေသော တိုင်းရင်းဆေးများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဆေးအမှတ် ၁၅ (သည်းခြေဆေး)၊ ဆေးအမှတ် ၁၆(အပူငြိမ်းသွေးဆေး) တစ်ခုခုကို လေးနာရီတစ်ကြိမ် ရေကျက်အေးနှင့် သောက်ပေးရပါမည်။ ဤဆေးတို့သည် အပူငြိမ်း၊ နှလုံးငြိမ်၊ အိပ်ပျော်၊ အခိုးပွင့်အားရှိစေသော ဆေးအေးများဖြစ်ကြသည်။

ဓာတ်စာအဖြစ် **"နွေချို၊ မိုးခါး၊ ဆောင်းချဉ်"** ဆိုသည့်အတိုင်း နွေရာသီ၏ ရာသီအကြိုက်အရသာမှာ **အချို** ဖြစ်သည်။ ထို့ပြင် အရည်ရွှမ်းပြီး အပူကိုငြိမ်းစေသော သီးနှံများဖြစ်ကြသော သခွားသီး၊ ဖရဲသီး၊ ဘူးသီး၊ ဘူးညွန့်၊ ကျောက်ဖရုံသီး၊ စပျစ်သီး၊ သရက်သီး၊ ကျွဲကောသီး၊ လိမ္မော်သီး၊ ကမ္ဗလာသီး၊ သံပရာသီး၊ ဆီးယို၊ ရှောက်ယို၊ ကတွတ်ယို၊ ကြံရည်၊ ကန်စွန်းရွက်၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ မြင်းခွာရွက်၊ ကင်ပွန်းချဉ်ရွက်၊ ပျားရည်၊ ဖီးကြမ်းငှက်ပျောသီး စသည်တို့ကို ရွေးချယ်စားသုံးသင့်သည်။

အပူဒဏ်ကြောင့် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်လာသောအချိန်တွင် ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်ကို စားပေးနိုင်သည်။ ထို့ပြင် ဖီးကြမ်းငှက်ပျောသီး မှည့်မှည့်ကို စပျစ်သီးမှည့်ရောပြီး ဖျော်ရည်ပြုလုပ်၍ သောက်ပေးပါက တစ်ခဏချင်း လန်းဆန်းလာစေသည်။

အပူဒဏ်အတွက် သုံးစွဲရန်သင့်လျော်သော ဆေးဖက်ဝင်အပင်မှာ ကံ့ကော်ဝတ်ဆံဖြစ်သည်။ ကံ့ကော်ဝတ်ဆံအမှုန့်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်ကြိမ်သောက် လက်ဖက်ရည်ဇွန်း တစ်ဝက်ခန့် သောက်သုံးခြင်း၊ ကံ့ကော်ဝတ်ဆံကို သနပ်ခါးသွေးရည်ဖြင့် ကျဲကျဲနှင့် ပါးပါးလိမ်းပေးခြင်းတို့ဖြင့် နွေရာသီ အပူဒဏ်ကို ခံစားရမှုမှ လျော့ပါးသက်သာစေရေးအတွက် အထောက်အကူပြုသည်။

ကံ့ကော်ဝတ်ဆံ၏ ရသမှာ အေး၍ဆိမ့်ဖန်မွှေး ရသရှိပြီး၊ အကျိုးသွားအနေဖြင့် အစာကြေခြင်း၊ ဝမ်းမီးတောက်ခြင်း၊ ရေငတ်ခြင်း၊ ပျို့အန်ခြင်း၊ အိပ်မပျော်ခြင်း၊ သွေးဖောက်ပြန်ခြင်းတို့ကို နိုင်သည်။ ထို့ပြင် အပူငြိမ်းခြင်း၊ အဖျားပျောက်ခြင်း၊ သည်းခြေနိုင်ခြင်း၊ ချွေးနံ့ဆိုးများကို ပျောက်ကင်းစေခြင်း အာနိသင်ရှိသည်။

အပူဒဏ်ကြောင့် ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသရန် တိုက်တွန်းလိုသည်။

သို့ဖြစ်ပေရာ အနောက်တောင် မုတ်သုံလေ မကျရောက်မီ ကာလအတွင်း မြန်မာနိုင်ငံအရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးတက်လျက်ရှိမည်ဖြစ်ပေရာ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်ပေါ်ခြင်းတို့ကို ဤဆောင်းပါးတွင် ဖော်ပြထားသည့် နည်းနာများအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် အထိုက်အလျောက် လျော့ပါးသက်သာစေမည် ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကွင်းဆင်းဆောင်ရွက်

မြေပုံရေးဆွဲခြင်း၊ အဆောက်အအုံ မှတ်ပုံတင်ခြင်း၊ လူဦးရေစာရင်းစစ်ဆေးခြင်း လုပ်ငန်းကို ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးရုံးက ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်က လွိုင်ကော်မြို့နယ် လွိုင်လင်လေး ကျေးရွာအုပ်စုအတွင်း ကွင်းဆင်း ဆောင်ရွက်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

ဟသ်ာတမြို့နယ်တွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲကျင်းပ

ဟသ်ာတ ဧပြီ ၁၂

ဟသ်ာတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို မတ်၂၉ရက်က ဟသ်ာတမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဟသ်ာခန်းမတွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဦးက သင်တန်းများ ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး)**

မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးဝင်းကြိုင်**-ချစ်မေမေ **ဒေါ်ထားထားလွင်** (ဒို့ခေတ်ရောင်းဝယ်ရေး-မော်ကွန်းမြို့) တို့၏ ၂၅-၄-၂၀၀၅ရက်တွင် ကျရောက်သော (၁၀)နှစ်မြောက် မင်္ဂလာမှသည် နှစ်ပေါင်း (၁၂၀)တိုင်အောင် အောင်မြင် ပျော်ရွှင်သောဘဝကို မိသားစုနှင့်အတူ တည်ဆောက်နိုင်ပါစေ။

သမီးကြီး-မအိမွန်ဝင်းကြိုင်၊
သမီးငယ်-မဇာခြည်ဝင်းကြိုင်။



ဦးသန့်ဇင် မှတ်ပုံတင်အမှတ် ဝိုင်ကေအင်န်- ၀၀၆၁၃၃နှင့်

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ကုမ္ပဏီဖြစ်သည့် ဒိုင်းမွန်းဝမ်းစတားကုမ္ပဏီလီမိတက်နှင့် ၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မေသက်ခိုင် ၁၂/ရကန(နိုင်)၀၀၀၃၃၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးသန့်ဇင်သည် ယခင်က ဒိုင်းမွန်းဝမ်းစတားကုမ္ပဏီလီမိတက်၏ ဒါရိုက်တာတစ်ဦး ဖြစ်ကာ ကုမ္ပဏီပိုင်ငွေကြေးနှင့် ပစ္စည်းများအား ဆုံးရှုံးအောင်ပြုလုပ်သဖြင့် ပေးဆပ်ရှင်းလင်းရန် တာဝန်မကျေပွန်မှုကြောင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ်မှ ထုတ်ပယ်ထားပြီး ဖြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကုမ္ပဏီ၏ငွေကြေး၊ ပစ္စည်းများကို စာရင်းဇယားများနှင့်တကွ လာရောက်အပ်နှံရှင်းလင်းရန် ကြေညာပါသည်။ လိုက်နာခြင်းမရှိ ပျက်ကွက် လျှင် ဦးသန့်ဇင်အပေါ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဦးသန့်ဇင်နှင့် ပတ်သက်၍ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ထားသူများသည် ဦးသန့်ဇင်နှင့်သာ တိုက်ရိုက်တွေ့ဆုံ ဆက်သွယ်ရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ထွေး	**ဦးမြင့်သောင်း**	**ဦးစိန်မြင့်**
တရားရုံးချုပ်ရှေ့နေ	**တရားရုံးချုပ်ရှေ့နေ**	**အထက်တန်းရှေ့နေ**

ဒိုင်းမွန်းဝမ်းစတားကုမ္ပဏီလီမိတက်နှင့်
အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မေသက်ခိုင်၏ရှေ့နေများ
အမှတ်- ၆၃၊ ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မလှလှဝင်း ၉/မခန(နိုင်) ၀၂၇၈၀၉ ကိုင်ဆောင်သူသည် စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၁-၄-၂၀၀၅ ရက်မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မောင်ကိုကိုလေး
၉/မခန(နိုင်)၀၂၇၉၉၉
မြင်းခြံ။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး မလှလှဝင်း ၉/မခန(နိုင်)၀၂၇၈၀၉ ကိုင်ဆောင်သူသည် မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲမိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၁-၄-၂၀၀၅ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးသာဒွန်း ၉/မခန(နိုင်)၀၂၇၅၈၃
ဒေါ်ချို ၉/မခန(နိုင်)၀၂၇၉၁၂
အမှတ်(၉)ရပ်ကွက်၊ မြင်းခြံမြို့။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ မြေကွက်အမှတ် (B-6B)၊ ဧရိယာ ၁၅၀၀စတုရန်းပေရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုရောင်းချသူ ဒေါ်သိန်းသိန်း ၁၂/မဂတ(နိုင်) ၀၉၀၂၃၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေများက စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှ ၇ရက် အတွင်းခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ပြုလုပ်ခြင်းကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်စိုး
B.A, R.L, D.B.L, D.M.L, D.I.L
Diploma in International Business Organization (U.K)
တရားရုံးချုပ်ရှေ့နေ(စဥ်-၂၁၈၂)
အမှတ်(၁၅၃)၊ ဒုတိယထပ်၊ လမ်း(၄၀)ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၂၄၃၃၆၃၊ ၀၉-၈၀-၂၄၁၄၁ E-mail. acctop@mail4u.com. mm

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
ရန်ကုန်တိုင်း တရာရုံး
တွဲဖက်တိုင်းတရားသူကြီး(၅)ရုံး၌
၂၀၀၅ခုနှစ် တရားမကြီးမှု အမှတ်-၄၀၆

အာရှနေဘဏ်လီမိတက်	**နှင့်**	၁။ ဦးပြည်စိုးအောင်
(ဘုရင့်နောင်ဘဏ်ခွဲ)		၂။ ဒေါ်ထိုက်ယဉ်စိုး
တရားလို		**တရားပြိုင်များ**

အမှတ်(အေ/၄)၊ရွှေကုံ့ကော်လမ်း၊ ရွှေမာလာရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း (ယခုနေရပ်လိပ်စာမသိ) ဦးပြည်စိုးအောင်၊ ဒေါ်ထိုက်ယဉ်စိုး သိစေရမည်။

သင့်အပေါ်၌ အာရှနေဘဏ်လီမိတက် Diamond Card စိန်ကတ်ဖြင့် သုံးစွဲထားသောငွေနှင့် ကျသင့်သည့်ဒဏ်ကြေးငွေများရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊၂၀၀၅ခုနှစ် မေလ၁၀ရက်နေ့ နံနက်၉း၃၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက် ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ ခုနှစ် ဧပြီလ ၁၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး
တွဲဖက်တိုင်းတရားသူကြီး (၅)
ရန်ကုန်တိုင်းတရားရုံး။

ထန်းပြိုန်တံတားစစ်ဆေး

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ရမ်းဗြဲ- လေးတောင်လမ်းပေါ်ရှိ ထန်းပြိုန်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို မတ်၂၂ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်က ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင်၁၃၆၆ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက်က ဗဟိုမဏ္ဍပ်တွင်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက သင်္ကြန်မယ်ဆုရ မဝင့်သူသူဝင်းအား သင်္ကြန်မယ် ဆု ချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီး-သီလရွာကျေးလက်ကျောက်ချောလမ်းဖွင့်

တောင်တွင်းကြီး ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တောင်တွင်းကြီး-သီလရွာ ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ်၈ရက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးနှင့် သီလရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ပုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကျောက်ချောလမ်းသစ်သည်အရှည် ပေ ၁၆၀၀၊ အကျယ်၁၂ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၃၇၅၉၄၀၀ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါလမ်း ဆောက်လုပ်နိုင်ခြင်းကြောင့် ပွင့်လုကြီး၊ ပွင့်လုလေး၊ ထန်းပင်စု၊ ဟံသာတိုက်၊ပေါက်ရွာနှင့် သီလရွာတို့ရှိ ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နိုင်ငံတော်က တည်ဆောက်ထူထောင်ပြီးသည့်စက်ရုံများ စက်စွမ်းအားပြည့်ထုတ်လုပ်ရေး အလေးပေး ပုဂ္ဂလိကစက်မှုကဏ္ဍ၌ ရင်းနှီးထားသောလုပ်ငန်းများ လမ်းကြောင်းမှန်ပေါ်ရောက်အောင် လမ်းပြရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားစက်မှုလုပ်ငန်းရှင်များကို ဖိတ်ခေါ်အားပေး

ရန်ကုန် မေ ၂၄

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✺

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅) တွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အလားအလာကောင်းသော စက်မှုလုပ်ငန်းများ အားပေးမြှင့်တင်

- ❐ အရည်အသွေးရှိရှိ တိုးတက်ထုတ်လုပ်နိုင်အောင်လည်း သက်ဆိုင်ရာစက်မှုဇုန်တာဝန်ခံများနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများက အနီးကပ် ဆက်စပ်ညှိနှိုင်းပေးရမည်၊ ရေရှည်တွင် စက်မှုလုပ်ငန်းရှင်များ မိမိလုပ်ငန်းကိစ္စများကို မိမိကိုယ်တိုင် ဖြေရှင်းသွားနိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်သွားအောင် နိုင်ငံတော်အပိုင်းက တာဝန်ကျေကျေ စောင့်ရှောက်ကူညီ၊
- ❐ စက်မှုဇုန်အလိုက်တည်ရှိနေသည့် အတတ်ပညာအင်အား၊ ငွေကြေးအင်အား၊ လုပ်ငန်းရှင်အမျိုးအစားအင်အားများကိုအခြေခံပြီး အလားအလာကောင်းသည့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်မှုလည်း စက်မှုဇုန်များအားလုံး တိုးတက်ဖွံ့ဖြိုးလာမည်၊
- ❐ စက်မှုဇုန်အလိုက် ထူးခြားအောင်မြင် နာမည်ရသော စက်မှုကုန် ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးတို့ကို ပိုင်ပိုင်နိုင်နိုင်ထုတ်လာနိုင်သည့် အဆင့်ရောက်အောင် အားပေးပျိုးထောင်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံသယတွေပျောက်လို့ အမှန်ဘဝကိုရောက်ကြပါပြီ မှားယွင်းသောလုပ်ရပ်များနှင့် လက်နက်ကိုင်ဆန့်ကျင်ခြင်းကို စွန့်လွှတ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – သောင်းဝင်းမိုလ်

ရန်ကုန် မေ ၂၄

မင်္ဂလာရှိသောနေ့၊ ၂၀၀၅ ခုနှစ် ဧပြီလ ၁၂ ရက် အင်္ဂါနေ့။ ဒေသခံပြည်သူများ ပြုံးပျော်ကြည်နူးဝမ်းသာပီတိဖြစ်ရသောနေ့ဟူ၍လည်း ပူးတွဲသတ်မှတ်ရမည့်နေ့ ဖြစ်သည်။

ထိုနေ့တွင် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) ဦးကန်နဦးစီးသည့် တပ်မဟာ(၁၁)မှ တပ်ဖွဲ့ဝင် ၁၇၆ ဦးတို့က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ခြင်းကြောင့် ဖြစ်၏။ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) သည် ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သော အဖွဲ့ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခြင်းအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူကျေးရွာတွင် ဧပြီ ၁၂ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့ရာ ဒေသခံပြည်သူ ၃၀၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ခဲ့ကြသည်။***စာမျက်နှာ ၆ ကော်လံ ၁*** ✻